ကတညုတာ ဇတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၄ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊ ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၅၈)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး General Thammarak Isarangura နှင့် အဖွဲ့ဝင်များအား ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ် မြတ်ဟိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်အေးမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် ထိုင်းနိုင်ငံဆိုင်ရာမြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Oum Maolanon နှင့် စစ်သံမှူး Col. Kasam Nakpun တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး General Thammarak Isarangura နှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးထိန်းသိမ်းမြှင့်တင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စာပေဖြင့်စည်းရုံးဆောင်ရွက်

မြန်မာလူမျိုးတို့သည် ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားတတ်ကြသည့် ဓလေ့စရိုက် အစဉ်အလာရှိကြသည်။ အထက်လူကို ညွတ်တွားဂါရဝပြုတတ်လေ့ရှိကြသည်။ တန်းတူကို ချီးမြှောက်၍ အောက်လူကို သနားကရုဏာပွားတတ်ကြသည်။

အထူးသဖြင့် အဘိုးအဘွားသက်ကြီးရွယ်အို၊ သက်ကြီးဝါကြီးများကို ကူညီစောင့်ရှောက်ခြင်း၊ ပူဇော်ကန်တော့ခြင်း အစဉ်အလာရှိခဲ့ကြသည်။

စာပေပညာရှင်များသည် စာပေစွမ်းပကားဖြင့် စာဖတ်ပရိသတ်ကိုအသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ တိုးပွားစေသည်၊ အသိအမြင် မြင့်မားစေသည်။ အတွေးအခေါ်အယူအဆ မှန်ကန်စေသည်။ စာပေသည် လူ၏စိတ်ကို မြင့်မြတ်စေသည်။ ယဉ်ကျေးသိမ်မွေ့စေသည်။ ဇာတိသွေး ဇာတိမာန်စိတ်ဓာတ် တက်ကြွနိုးကြားစေသည်။ စာပေစွမ်းအားဖြင့် နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးနိုင်သည်။

ထို့ကြောင့်ပင် စာပေပညာရှင်ကြီးများ၏ ကျေးဇူးတရားကိုလေးစားဂုဏ်ပြုသောအားဖြင့် ရှေးကာလမှစ၍ ယနေ့တိုင် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့သည်။

"ပူဇာစ၊ ပူဇနေယျာနံ" ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏ဟု ဆိုစကားရှိသည်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၆၅ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို နိုဝင်ဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

၁၃၆၅ ခုနှစ်အတွက် အသက်(၈၀)နှင့်အထက် ကန်တော့ခံသက်ကြီးစာပေပညာရှင် ၁၁၉ဦးအနက် ၇၇ဦး တက်ရောက်ကန်တော့ခံကြသည်။

ယင်းအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း အမှူးပြုသော အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀စီနှင့် ငွေကျပ် ၁၅၀၀၀စီတန်ဖိုးရှိ ကန်တော့ပစ္စည်းတို့ဖြင့် တစ်ဦးချင်း ဂါရဝပြုပေးအပ်ပြီး ပူဇော်ကန်တော့ကြသည်။

၁၃၆၅ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၅၉၅၀၀၀၊ ပြည်ထဲရေးဝန်ကြီးဌာန (စာပေစိစစ်နှင့်မှတ်ပုံတင်ဌာန)က ငွေကျပ် ၈၂သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ငွေကျပ် ၂၅၀၀၀၀၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ်နှစ်သိန်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ်သုံးသိန်းအပါအဝင် စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၁၂၇၀၇၄၀၀နှင့် အလှူပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

မြန်မာလူမျိုးများသည် သမိုင်းအစဉ်အလာကြီးမားပြီး ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသည့် လူမျိုးများဖြစ်သည်။ ရှေးပဝေသဏီကာလကပင် မိသားစုစိတ်ဓာတ်ဖြင့် စုစုစည်းစည်း သိုက်သိုက်ဝန်းဝန်း နေထိုင်လုပ်ကိုင်လာခဲ့ကြသော လူမျိုးများဖြစ်ကြသည်။ စာပေပညာရှင်များသည် မြန်မာတို့၏ ယဉ်ကျေးမှု အစဉ်အလာ၊အမျိုးဂုဏ် ဇာတိဂုဏ်ကို စာပေဖြင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ယနေ့မျိုးဆက်သစ် လူငယ်စာပေပညာရှင်များအနေဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အမျိုးဂုဏ်၊ဇာတိဂုဏ် မြင့်မားရေးထိန်းသိမ်းမြှင့်တင်စောင့်ရှောက်လိုစိတ် တိုးတက်ပွားများလာစေရန်နှင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံ ကြိုးစားအားထုတ်လိုစိတ် ပြန့်ပွားတိုးတက်လာရေးအတွက် မိမိတို့ စာပေလက်နက်ဖြင့် စည်းရုံးဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

နိုဝင်ဘာ ၂၂ ရက်က သာကေတမြို့နယ် အမက(၈)၌ ကျင်းပသော ပညာရည်ချွန်ဆုနှင့် ဘက်စုံဆုပေးပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးထွန်းကြည်က သုံးနှစ်ဆက်တိုက် ထူးချွန်ဆုရရှိသော မအေးနန္ဒာခိုင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

တိုင်းရင်းသားမဂ္ဂဇင်း အမှတ်(၄)ထွက်ပြီ

ရန်ကုန် နိုဝင်ဘာ ၂၆

နိုင်ငံတော်အကြီးအကဲများ၏ နယ်စပ်ဒေသခရီးစဉ်မှတ်တမ်းဓာတ်ပုံများ၊ နယ်စပ်ဒေသ ဘိန်းအစားထိုးစိုက်ပျိုး၊မွေးမြူရေး၊ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ နယ်စပ်ဒေသများ၏ ယခင်ယခု အခြေအနေနှိုင်းယှဉ်ဖော်ပြချက်မှတ်တမ်းဓာတ်ပုံများ၊ ထရံ၊ ဖွန်း၊ တန်ဂွန်နာ၊ ဆလုံ၊ ခမီး၊ လီဆူး၊ စကောကရင် တိုင်းရင်းသားတို့၏ စိတ်ဝင်စားဖွယ်ရာ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို စုစည်းဖော်ပြထားသည့် တိုင်းရင်းသားမဂ္ဂဇင်းအမှတ်(၄)ကို ထုတ်ဝေဖြန့်ချိထားသည်။ **(အပေါ်ဝဲပုံ)** (က-ပ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား ဩစတြေးလျနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၂၆

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေအား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး Mr. Paul Grigson သည် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ဧည့်ခန်းမ၌ ယမန်နေ့ညနေပိုင်းက လာရောက်တွေ့ဆုံဂါရဝပြုသည်။

ထိုသို့တွေ့ဆုံရာတွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြတ်ကို၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ ရဲဦးစီးအရာရှိချုပ်ရဲမှူးချုပ် ဝင်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူးဒုတိယရဲမှူးကြီး ရာလျန်မုန်း၊ ရုံးအဖွဲ့မှူး ဗိုလ်ကြီးအောင်လွင်ဦးနှင့် ရဲမှူးအောင်သန်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခေတ်မီအင်္ဂလိပ်စကားပြော သင်တန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၆

Grammarless Grammar-Automatic Response Method (GG-ARM)နည်းသစ်ဖြင့် (Basic+ Standard) Three-in-One Level ကို စနေနေ့နှင့် တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ လည်းကောင်း၊ နောက်ဆုံးပေါ် Conversation Buzzing (Con-Buzz)ကို တနင်္ဂနွေနေ့တိုင်း ညနေ ၄ နာရီမှ ညနေ ၅ နာရီအထိ လည်းကောင်း Information and Communication Technology(ICT) ခေတ်နှင့်အညီ English Flow Talk (EFT)တွင် သင်ကြားပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ EFTအမှတ်-၅၉ (B) ယောမင်းကြီးလမ်း ဒဂုံမြို့နယ် ဖုန်း-၃၇၄၇၁၄၊ Fax. 243627, E-mail:speed@ mail 4u.com.mm သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ခန်းမတွင် နိုဝင်ဘာ ၁၈ ရက်က (၈၃)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနား ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်က ဖတ်ကြားစဉ်။
(မြို့နယ် ပြန်/ဆက်)

ကျန်းမာရေးဝန်ဆောင်မှုသမဝါယမအသင်း အကူသူနာပြုမွမ်းမံသင်တန်းဆင်း

ရန်ကုန် နိုဝင်ဘာ ၂၆

စန္ဒီဒေဝီ(အမျိုးသမီးများ) ကျန်းမာရေးဝန်ဆောင်သမဝါယမအသင်း လီမိတက်၏ အကူသူနာပြု မွမ်းမံသင်တန်းအပတ်စဉ်(၁၂/၀၈) သင်တန်းဆင်း လက်မှတ်ပေးအပ်ပွဲကို နိုဝင်ဘာ ၁၄ ရက်က ကျင်းပသည်။

ဆက်သွယ်စုံစမ်းနိုင်

လာမည့် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဖွင့်လှစ်မည့် အကူသူနာပြု ခြောက်လသင်တန်း အပတ်စဉ်(၁၃)နှင့် လူနာစောင့်လေးလသင်တန်း အပတ်စဉ်(၂၉)သင်တန်းအတွက် ဒီဇင်ဘာ ၁ ရက်မှ ၂၀ ရက်အတွင်း လျှောက်ထားနိုင်ကြသည်။ အသေးစိတ်သိရှိလိုပါက အမှတ်(၂၂၈) အနော်ရထာလမ်း လမ်းမတော်မြို့နယ် ဖုန်း-၂၂၄၃၈၃ သို့ တိုက်ရိုက်ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လက်ခံတွေ့ဆုံ

နိုဝင်ဘာ ၂၆ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး **General Thammarak Isarangura**နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း–ရှေ့ဖုံး) **(သတင်းစဉ်)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ထိုင်းကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

ရန်ကုန် နိုဝင်ဘာ ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော ဧည့်သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး General Thammarak Isarangura ခေါင်းဆောင်သည့် အဖွဲ့ဝင်များအား ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော်စစ်ဆေးရေး အရာရှိချုပ် ဗိုလ်မှူးချုပ်သိန်းထိုက်၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီး ကိုကိုမောင်နှင့်ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Oum Maolanonနှင့် စစ်သံမှူး Col. Kasam Nakpun တို့လည်း တက်ရောက်ကြသည်။

သီဆိုဖျော်ဖြေ

အဆိုပါ ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့်ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့နှင့် တွဲဖက်ကာ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ ယဉ်ကျေးမှုဝန်ကြီးဌာနအနုပညာဦးစီးဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှုပဒေသာကပွဲဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ယဉ်ကျေးမှုပဒေသာကပွဲအပြီးတွင် ဧည့်သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးက ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး ခရီး အလည်အပတ်ရောက်ရှိလာသော ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး General Thammarak Isaranguraနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ဖေယျာသီရိဗိမာန်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ကကြီးမှူး၍ (၂၁)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ၂၉ ရက် (စနေနေ့) နံနက် ၈နာရီတွင် အမှတ်–၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားသို့ အသက်(၇၀) အထက် ဆရာကြီး၊ ဆရာမကြီးများ ဖိတ်ကြားစာမရရှိသော်လည်း ပူဇော်ကန်တော့ခံယူ ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝိပဿနာရှုနည်း ဟောပြောပို့ချမည်

ရန်ကုန် နိုဝင်ဘာ ၂၆

ဓမ္မရသရိပ်သာကမ္မဋ္ဌာန်းနည်းပြ ဆရာကြီးဦးသန်းရွှေ(ဒလ၊အံ့ကြီး)က ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများဓမ္မာရုံကြီးတွင် ဒီဇင်ဘာ ၁ရက်မှ ၇ ရက်အထိ ညနေ ၆နာရီမှ ၈ နာရီခွဲ အထိ လည်းကောင်း၊ လမ်းမတော်မြို့နယ် အမှတ် (၁၁) ရပ်ကွက် လမ်းသစ်ရိပ်သာဓမ္မာရုံကြီးတွင် ဒီဇင်ဘာ၈ရက်မှ ၁၄ရက် အထိ လည်းကောင်း ညနေ ၆ နာရီခွဲမှ ၈နာရီအထိ ကိုယ်တွေ့ ဝိပဿနာရှုပွားနည်းများကို ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို အားထုတ်နိုင်ကြောင်းသိရသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၇–၁၁–၂၀၀၃

(ကြာသပတေးနေ့) နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈:၀၅	၆။	အကပဒေသာ
၈:၁၅	၇။	ဆွာချောင်းရေလှောင်တမံ
၈:၃၀	၈။	International News
၈:၄၅	၉။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆:၁၀	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၂၅	၃။	English For Everyday Use
၁၆:၃၅	၄။	တေးဂီတအစီအစဉ်
၁၆:၄၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒအထူးပြုများ)(ရုက္ခဗေဒ)
၁၇:၀၀	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၁၅	၇။	တေးဂီတအစီအစဉ်
၁၇:၃၀	၈။	(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြိုပြင်ဆင်လေ့ကျင့်မှု (အလေးမ)
၁၇:၄၅	၉။	မြန်မာစာမြန်မာစကား
၁၈:၀၀	၁၀။	**'ဆေးလိပ်ကင်းကွာအနုပညာကမ္ဘာ'**(လွင်မိုး၊မင်းမော်ကွန်း၊ ဇာနည်၊ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လုအဉ္ဇလီတင့်၊ ကြည့်လဲ့လဲ့ဦး၊ဂွမ်းပုံ)
၁၈:၁၅	၁၁။	မှုဟန်သွယ်သွယ်ဆိုကြမယ်
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	Milo Success In Soccer
၁၉:၁၀	၁၅။	ရှမ်းပြည်နယ် အရှေ့ပိုင်းနမ့်မွေတံတား
၁၉:၂၅	၁၆။	တေးဂီတအစီအစဉ်
၁၉:၃၅	၁၇။	ကော်ဖီ(အပိုင်း–၂)
၂၀:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	**'အဆိုအကစုံလင် ချစ်စရာ့အသွင်'**(အပိုင်း–၁)

တာမွေအထက(၁) အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၆

တာမွေအထက(၁) ၁၉၇၂–၇၃ ဝန်းကျင် ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၁၄ရက်(တနင်္ဂနွေနေ့)နံနက်၁၁နာရီတွင် အထက(၁) ပင်လုံခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးသိန်းအောင် ဖုန်း–၅၄၈၁၅၆၊ ဒေါ်အေးအေးသန်း ဖုန်း–၅၄၂၂၃၈၊ ၅၄၂၂၅၄၊ ဒေါက်တာ သန်းသန်းစိုး ဖုန်း–၇၂၄၀၉၀၊ ဒေါ်ခင်အေးမြင့် ဖုန်း–၂၅၄၁၀၈၊ ဒေါ်နီနီမြင့် ဖုန်း–၅၄၂၄၀၁ နှင့် ဒေါ်ကျင်ကျင်စန်း ဖုန်း–၅၄၅၈၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

အမေရိကန်တပ်ဖွဲ့ဝင်များကို ခုခံတိုက်ခိုက်မှုများ မိုဆူးလ်မြောက်ဘက်သို့ပျံ့နှံ့

အီရတ်မြောက်ပိုင်းရှိ ကယ်ကွတ်ရေနံပိုက်လိုင်းမီးလောင်မှုဖြစ်ပွား

မိုဆူးလ် နိုဝင်ဘာ ၂၅

မိုဆူးလ်မြို့တွင် ကင်းလှည့်သော အမေရိကန်ကင်းလှည့်တပ်ဖွဲ့အား သေနတ်သမားများက တနင်္လာနေ့၌ ချုံခိုတိုက်ခိုက်ခဲ့သဖြင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားသည်။ ယခုအခါ အမေရိကန်ဦးဆောင်သော ပူးပေါင်းတပ်ဖွဲ့အား ခုခံတိုက်ခိုက်မှုများသည် မိုဆူးလ်၌ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးအသတ်ခံရပြီး နောက်တစ်နေ့တွင် မြောက်ဘက်သို့ ပျံ့သွားခဲ့သည့်လက္ခဏာ ဖြစ်သည်။

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကယ်ကွတ်မြို့တွင် ရေနံပိုက်လိုင်း တနင်္လာနေ့က မီးလောင်မှု ဖြစ်ပွားခဲ့ရာ နော့သင်းရေနံကုမ္ပဏီမန်နေဂျာက ဖောက်ခွဲဖျက်ဆီးခံရသည်ဟု ယုံကြည်ကြောင်း ပြောဆိုသည်။

တိုက်ခိုက်ရေးသမားများသည် ရေနံပိုက်လိုင်းများကို ထပ်ခါတလဲလဲပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြပြီး ရေနံအခြေခံ အဆောက်အအုံကို ဖောက်ခွဲတိုက်ခိုက်လာကြသဖြင့် အမေရိကန်ပူးပေါင်းတပ်ဖွဲ့အတွက် အဓိကပြဿနာဖြစ်လာသည်။ တနင်္လာနေ့တွင် အီရတ်ဆွန်နီဘာသာရေးခေါင်းဆောင်က အီရတ်လူမျိုးများ အဒိဒ်အယ်လ်ဖစ်တာပွဲ ကျင်းပရန်အတွက် တစ်ပတ်ကြာ အပစ်ရပ်စဲမှုကို စောင့်ထိန်းလိုက်နာကြရန် အမေရိကန်တပ်များနှင့် ခုခံရေးအုပ်စုများကို တိုက်တွန်းထားသည်။

(အင်တာနက်)

လုံခြုံရေးစောင့်ကြပ်

နိုဝင်ဘာ ၂၅ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေးစောင့်ကြပ်လျက်ရှိသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ ကုလသမဂ္ဂ၏ အခန်းကဏ္ဍ

တိတိကျကျ သတ်မှတ်ထားခြင်းမရှိဟု ပြင်သစ်သမ္မတပြောကြား

လန်ဒန် နိုဝင်ဘာ ၂၅

ကုလသမဂ္ဂ၏ အခန်းကဏ္ဍသည်လည်း ၎င်းရှိသင့်သည့် အနေအထားအတိုင်း တိတိကျကျ သတ်မှတ်ထားခြင်း မရှိကြောင်းလည်း မစ္စတာရှီယက်က ပြောကြားသည်။

လန်ဒန်မြို့တွင် ယမန်နေ့က ကျင်းပခဲ့သော ဗြိတိန်နှင့် ပြင်သစ်နှစ်နိုင်ငံကြား တွေ့ဆုံဆွေးနွေးပွဲတွင် အီရတ်နိုင်ငံ အရေးနှင့်ပတ်သက်ပြီး နှစ်နိုင်ငံအကြား မူဝါဒသဘောထား ကွဲမှုများအပေါ် အလေးထားဆွေးနွေးခဲ့စဉ် ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ယခု တွေ့ဆုံပွဲသည် အမေရိကန်ဦးဆောင်သော အီရတ်အပေါ် စစ်ရေးဆင်နွှဲ ခြင်းနှင့်ပတ်သက်ပြီး နှစ်နိုင်ငံသဘော ကွဲလွဲခဲ့သည့် ဖေဖော်ဝါရီလမှစပြီး ပထမဆုံး အကြိမ်အဖြစ် ဗြိတိန် ဝန်ကြီးချုပ်တိုနီဘလဲနှင့် ပြင်သစ်သမ္မတ ဂျက်ရှီယက်တို့၏ တွေ့ဆုံမှု ဖြစ်သည်။

အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်၏ မူဝါဒကို ဗြိတိန်က ထောက်ခံသော်လည်း လာမည့်နှစ်ဇွန်လ၌ အီရတ်ပြည်သူများသို့ အချုပ်အခြာအာဏာ လွှဲပြောင်းခြင်းသည် မှန်ကန်သည့်လမ်းကြောင်းဖြစ်ကြောင်း၊ သို့သော်ယင်းသည် မြန်ဆန်ခြင်းမရှိကြောင်း ယမန်နေ့က တွေ့ဆုံဆွေးနွေးပြီးနောက်၌ ပြင်သစ်သမ္မတက ပြောကြားခဲ့သည်။

(အင်အိပ်ချ်ကေ)

စစ်ပွဲစသည့်မှ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၄၃၃ဦးရှိပြီ

ဝါရှင်တန် နိုဝင်ဘာ ၂၆

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်ပြီး စစ်ပွဲစတင်ဆင်နွှဲခဲ့ချိန်မှစပြီး နိုဝင်ဘာ ၂၅ရက် အင်္ဂါနေ့ရောက်ချိန်တွင် အီရတ်နိုင်ငံ၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၄၃၃ဦးရှိသွားပြီဟု အမေရိကန်ကာကွယ်ရေးဌာန ကြေညာချက်အရ သိရသည်။ ထိုသေဆုံးသူများအနက် ၂၉၈ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်ပြီး ၁၃၅ဦးမှာ တိုက်ပွဲကြောင့်မဟုတ်ဘဲသေဆုံးခြင်းဖြစ်သည်ဟုဆိုသည်။

အီရတ်၌ စစ်ပွဲကြီးပြီးဆုံးကြောင်း ကြေညာခဲ့သည့် မေ ၁ရက် သို့မဟုတ် ထိုရက်မှစပြီး အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၂၉၅ဦးရှိခဲ့ရာ ၁၈၄ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၁၁၁ဦးမှာ တိုက်ပွဲမဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်ဟု အမေရိကန်ကာကွယ်ရေးဌာနကဆိုသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်ရှိ ဩစတြေးလျ လူမှုရေးအကူအညီပေးရေးအဖွဲ့ရုံးချုပ် ဒုံးကျည်ဖြင့် အတိုက်ခံရပြီးနောက် ဝန်ထမ်းများအီရတ်မှထွက်ခွာ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၅

ကဲယားအမည်ရှိ ဩစတြေးလျ လူမှုရေးအကူအညီပေးရေးအဖွဲ့၏ ဘဂ္ဂဒက်ရှိဌာနချုပ်ရုံး ဒုံးကျည်ဖြင့် တိုက်ခိုက်ခြင်းခံရပြီးနောက် ကဲယားအဖွဲ့၏ နိုင်ငံခြားသား ဝန်ထမ်းများ အီရတ်မှ ထွက်ခွာသွားကြသည်။

အီရတ်တွင် ဖြစ်ပေါ်နေသော အသေခံဗုံးခွဲတိုက်ခိုက်မှုများနှင့် ဥပဒေမဲ့လုပ်ရပ်များကြောင့် ပြည်ပကယ်ဆယ်ရေးအဖွဲ့အစည်းများမှ နိုင်ငံခြားသားဝန်ထမ်းများသည် အီရတ်နိုင်ငံကို စွန့်ခွာလျက်ရှိကြသည်။ အီရတ်တွင် ယခုအခါ လူသားချင်းစာနာသော ကယ်ဆယ်ရေးလုပ်ငန်းများကို ပြည်ပသို့ထွက်ခွာသွားသော နိုင်ငံခြားသားဝန်ထမ်းများအစား အီရတ်တိုင်းရင်းသားဝန်ထမ်းများက တာဝန်ယူလုပ်ကိုင်နေကြရသည်။

ဩဂုတ်လအတွင်းက အီရတ်ရှိ ကုလသမဂ္ဂဌာနချုပ်ရုံးကို အသေခံ ဗုံးခွဲတိုက်ခိုက်ခံခဲ့ရသဖြင့် လူ ၂၂ ဦး သေဆုံးခဲ့ရသည်။ ကုန်ခဲ့သော လအတွင်းကလည်း ဘဂ္ဂဒက်ရှိ ကြက်ခြေနီအဆောက်အအုံ တိုက်ခိုက်ခံရသောကြောင့် လူ ၁၂ ဦးသေဆုံးသွားခဲ့ရသည်။ ဘဂ္ဂဒက်အတွင်း နေထိုင်ရသည့် အခြေအနေမှာ အခက်အခဲများရှိလာသောကြောင့် ယခုအခါ အစိုးရမဟုတ်သော အကူအညီပေးအဖွဲ့အစည်းအများအပြားသည် အီရတ်မှ ထွက်ခွာရေးကိစ္စကို စဉ်းစားလာကြသည်ဟု ကဲယားအဖွဲ့မှ အကြီးအကဲရောဘတ် ဂလာစကက ရိုက်တာသတင်းဌာနကို ပြောကြားသည်။

၎င်းက ဘဂ္ဂဒက်ရှိ ကဲယားအဖွဲ့၏ ရုံးအတွင်းသို့ ပြီးခဲ့သော သောကြာနေ့က ဒုံးပစ်လောင်ချာသုံးလုံးဖြင့် အပစ်ခံခဲ့ရကြောင်း၊ တစ်လုံးမှာလွဲသွားပြီး ကျန်တစ်လုံးမှာ ခေါင်မိုးကိုထိမှန်သဖြင့် အနည်းငယ်ပျက်စီးသွားကြောင်း ပြောသည်။

ယခုအခါ ကဲယားအဖွဲ့မှာ ယင်း၏နိုင်ငံခြားသားဝန်ထမ်း ခြောက်ဦးကိုရုပ်သိမ်းပြီး အိမ်နီးချင်း ဂျော်ဒန်နိုင်ငံသို့ ရွှေ့ပြောင်းနေရာချထားလိုက်သည်။ ကဲယားအဖွဲ့၏ ဌာနဝန်ထမ်းများကို အိမ်တွင်နေစေရန်ပြောကြားထားသည်ဟုဆိုသည်။ **(အင်တာနက်)**

နိုဝင်ဘာ ၂၅ရက်က ဘဂ္ဂဒက်မြို့ဆင်ခြေဖုံးရှိ အယ်ဆာဒါစီးတီးအရပ်၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက လမ်းတစ်လမ်းကို သွပ်ဆူးကြိုးများချကာ လုံခြုံရေးဆောင်ရွက်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ခုခံတိုက်ခိုက်မှုများ နေ့စဉ်ဖြစ်ပွား

ဘဂ္ဂဒက် နိုဝင်ဘာ ၂၅

အီရတ်နိုင်ငံအတွင်း မြို့ကြီးများတွင် ခုခံတိုက်ခိုက်မှုများ နေ့စဉ်လိုလို ဖြစ်ပွားနေပြီး ပိုမိုအင်အားပြင်းထန်သော တိုက်ခိုက်မှုများ အသွင်ဆောင်လာခြင်းနှင့် ပတ်သက်ပြီးအီရတ်လုံခြုံရေး အခြေအနေမှာပြောင်းလဲမှုများ ဖြစ်ပေါ်လာကြောင်း သိရသည်။

အမေရိကန်တို့ကို ခုခံတိုက်ခိုက်ရေးသမားများသည် နည်းဗျူဟာပြောင်းလဲကာ အမေရိကန်တပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သော အီရတ်တပ်ဖွဲ့များနှင့် အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်လာသည်။

ယခုကဲ့သို့ တိုက်ခိုက်သူများသည် ပြည်ပမှဝင်ရောက်လာသော တိုက်ခိုက်ရေးသမားမဟုတ်ဘဲ အမေရိကန်တို့ အီရတ်၌ရှိနေခြင်းကို မနှစ်မြို့သည့် အီရတ်မျိုးချစ်များက တိုက်ခိုက်ခြင်းဖြစ်သည်ဟု အမေရိကန် တာဝန်ရှိသူများက ပြောကြားလျက်ရှိသည်။

ထိုအတောအတွင်း အမေရိကန်တို့ ခန့်အပ်ထားသော အီရတ်အုပ်ချုပ်မှုကောင်စီက နိုင်ငံတွင်း အယ်လ်အာရေဗျရုပ်သံထုတ်လွှင့်မှုကို ရုပ်ဆိုင်းလိုက်ရာ ဒီမိုကရေစီမဆန်သော အပြုအမူတစ်ရပ်အဖြစ် ထင်မြင်ယူဆကြပါသည်။ ထို့အပြင် စီအင်န်အင်န်နှင့် ဘီဘီစီတို့ကိုလည်း အလားတူ ဆောင်ရွက်မှုမျိုး ပြုလုပ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ထားကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အီရတ်နိုင်ငံ၌ အမေရိကန်ဦးဆောင်တပ်များအား အီရတ်ပြောက်ကျားများက အပြင်းအထန် ခုခံတိုက်ခိုက်လျက်ရှိသည်။ (အောက်ပုံမှာ ဘဂ္ဂဒက်မြို့အရှေ့မြောက်ပိုင်း၌ ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့သည်ကို တွေ့ရစဉ်။)

(ဓာတ်ပုံ-အင်တာနက်)

ပြစ်တင်ပြောဆို

နိုဝင်ဘာ ၂၄ရက်က ဘဂ္ဂဒက်မြို့လယ်ရှိအမေရိကန်သံချပ်ကာယာဉ်ရှေ့၌ အီရတ်တစ်ဦးက အမေရိကန်တပ်များ၏ဝင်ရောက်စီးနင်း တိုက်ခိုက်မှုများနှင့် ပတ်သက်ပြီး မကျေနပ်၍ ပြစ်တင်ပြောဆိုနေစဉ်။ (ယာပုံ)

(ဓာတ်ပုံ-အင်တာနက်)

ကျူးကျော်မှုကို ခေါင်းငုံ့မခံ ခုခံတွန်းလှန်နေသော အီရတ်စစ်မြေပြင်

ဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရသော အမေရိကန်

အီရတ်နိုင်ငံ၌ ဆက်ဒမ်ဟူစိန် အစိုးရမရှိသော်လည်း ဆက်ဒမ်ဟူစိန်၏ နာမည်နှင့်အရိပ်သည် ဆက်လက်လွှမ်းမိုးထားလျက်ရှိကြောင်း သိရသည်။ အမေရိကန်တပ်ဖွဲ့ဝင် တစ်သိန်းသုံးသောင်းသည် ဆက်ဒမ်ဟူစိန်ကို လပေါင်းများစွာ ရှာဖွေလျက်ရှိသော်လည်း ရှာမတွေ့နိုင်သေးခြင်းကြောင့် အမေရိကန်တို့သည် ယခုအခါ ဆုံးရှုံးမှုများကိုသာ ရင်ဆိုင်နေရသည်ဟု အီရတ်လူမျိုးများက ပြောကြားလျက်ရှိကြောင်း သိရသည်။

အီရတ်နိုင်ငံ၌ အမေရိကန်တို့ ဆောင်ရွက်နေသမျှများသည် အောင်မြင်မှုမရှိသည့်အပြင် အခြေအနေပိုမိုဆိုးရွားလာခြင်းကြောင့် အီရတ်တို့က ၎င်းတို့အပေါ် ပိုမိုအထင်အမြင်သေးလာလျက်ရှိပြီး ဝေဖန်ပြောကြားလျက်ရှိသည်။

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သော တပ်များက ကျူးကျော်တိုက်ခိုက်မှုကြောင့် အီရတ်တို့၏ နေအိမ်များ၊ အခြေခံအဆောက်အအုံများ၊ ရေနံပိုက်လိုင်းကြီးများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

(ဝဲပုံမှာ အီရတ်နိုင်ငံမြောက်ပိုင်းရှိ အဓိကရေနံပိုက်လိုင်းတစ်ခု တိုက်ခိုက်ခံရပြီး မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။)

(ဓာတ်ပုံ-အင်တာနက်)

ပစ်မှတ်ထားတိုက်ခိုက်

အီရတ်နိုင်ငံ၌ အီရတ်ပြောက်ကျားများက ယခုသီတင်းနှစ်ပတ်အတွင်း အမေရိကန်ဦးဆောင်တပ်များနှင့် ဆက်နွှယ်နေသော လုပ်ငန်းများကို ပစ်မှတ်ထားတိုက်ခိုက်လာသည်ဟု အမေရိကန်စစ်ဘက်နှင့် အရပ်ဘက်ခေါင်းဆောင်များက ပြောဆိုသည်။

(အောက်ပုံမှာ အီရတ်၌ တိုက်ခိုက်မှုတစ်ရပ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်ပေါ်မှ အပြေးအလွှား လိုက်လံတိုက်ခိုက်နေကြစဉ်။)

(ဓာတ်ပုံ-အင်တာနက်)

နိုဝင်ဘာ ၂၄ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့၌ စစ်ဆန့်ကျင်သူများက အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်၏ ရုပ်ပုံကို ကိုင်ဆောင်၍ ချီတက်ဆန္ဒပြနေကြစဉ်။

(စစ်ဆန့်ကျင်ဆန္ဒပြသူများက ဂျပန်တပ်ဖွဲ့များ အီရတ်သို့ စေလွှတ်နိုင်မည့် အခြေအနေကို ကန့်ကွက်ဆန္ဒပြကြခြင်းဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)

ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့ဝင်များ မူးယစ်ဆေးဝါးပြတိုက်နှင့်ကျောက်မျက်ရတနာပြတိုက်လေ့လာ

ရန်ကုန် နိုဝင်ဘာ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးအလည်အပတ်ခရီးရောက်ရှိနေသော ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး General Thammarak Isarangura ခေါင်းဆောင်သည့် တပ်မတော်အရာရှိကြီးများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူအဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ သွားရောက်လေ့လာကြရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ ပြတိုက်မှူး ဒုတိယရဲမှူးကြီးဆယ်မောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်အတွင်း၌ ခင်းကျင်းပြသထားသော ဇာတ်ပြကွက် အပါအဝင်မြန်မာဘုရင်များလက်ထက် မူးယစ်ဆေးဝါး ထိန်းချုပ်မှုပြကွက်၊ လွတ်လပ်ရေးရပြီးခေတ် မူးယစ်ဆေးဝါးထိန်းချုပ်မှုပြကွက်၊ မိုးဟိန်းအဆင့်(၁)မှ(၁၂)အထိ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လှုပ်ရှားမှုပြကွက်များနှင့် မှတ်တမ်းတင် ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြရာ **(ယာပုံ)** မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းနှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မှတ်တမ်းလက်မှတ်ရေးထိုး

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးသည် ဧည့်သည် တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်းက မူးယစ်ဆေးဝါးပပျောက်ရေးလှုပ်ရှားမှု မှတ်တမ်းစာအုပ်များကို ပေးအပ်ရာ ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura က လက်ခံယူပြီး အမှတ်တရ လက်ဆောင် ပြန်လည်ပေးအပ်သည်။

ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura နှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် တာဝန်ရှိသူများက ပြတိုက်အတွင်း လှည့်လည်ရှင်းလင်းပြသကြသည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးသည် မြန်မာ့ကျောက်မျက်ရတနာပြတိုက် ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိလာသော ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura နှင့် အဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

▼ နိုင်ငံတော်မှ

ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.°E. Mr. Oum Maolanon၊ စစ်သံမှူး Colonel Kasam Nakpun နှင့် သံရုံးအဖွဲ့ဝင်များ၊တပ်မတော်အရာရှိများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များလိုက်ပါလာသည့် အထူးလေယာဉ်သည် နံနက်၉နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ဆိုက်ရောက်လာရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဧည့်သည်တော် ကာကွယ်ရေးဝန်ကြီးအား အထူးလေယာဉ်လှေကားထိပ်မှ ဆီးကြိုနှုတ်ဆက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး General Thammarak Isarangura သည် ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အလားတူ ဗိုလ်ချုပ်ကြီးသူရရွှေမန်းကလည်း ဧည့်သည်တော်ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အလေးပြုခြင်းခံယူ

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး General Thammarak Isarangura နှင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဧည့်သည်တော်ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးအား ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်သည့် တပ်မတော်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura ခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အတူ တပ်မတော်ဧည့်ဂေဟာသို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြသည်။

ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura နှင့်အတူ ထိုင်းဘုရင့် တပ်မတော်စစ်သေနာပတိချုပ် (Supreme Commander) General Somdhat Attanand၊ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် (Commander-in-Chief, RTN) Adm. Chumpol Pachusanon၊ ထိုင်းဘုရင့် တပ်မတော်လေတပ်ဦးစီးချုပ်(Commander-in-Chief, RTAF) Acm. Kongsak Vantana၊ Deputy Permanent Secretary For Defence, General Poonsak Nakabhat၊ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဒုတိယဦးစီးချုပ် (Deputy Commander-in-Chief, RTA) General Sirichai Thunyasiri တို့အပါအဝင် အဖွဲ့ဝင် ၂၆ ဦး လိုက်ပါလာကြပြီး ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်လည်း အဆိုပါအဖွဲ့နှင့်အတူ လိုက်ပါလာသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၇-၁၁-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)ပထမနှစ်(မြန်မာမှုပညာ)
(ခ)ပထမနှစ်(ဒဿနိကဗေဒ)
၅:၃၀ ၉။ တိုင်းကျိုးပြည်ပြုတို့ရေးရှု
၅:၄၅ ၁၀။ သာယာသိကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၆:၃၅ ၁၄။ မိုးလေဝသသတင်း
၆:၄၀ ၁၅။ မြန်မာ့ရှုခင်း
၆:၅၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သီရိဂေဟာ"** (အပိုင်း-၁၀)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှိုင်းပုနှင့်သောင်းချမ်း"** (အပိုင်း-၈)

ရွှေကုံ့ကော်အထူးထုတ် ရန်ကုန်တက္ကသိုလ်မှထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၆

ပညာရေးဝန်ကြီးဌာန ရန်ကုန်တက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ စာစစ်မှူးချုပ် ပါမောက္ခကြီးများ မေးခွန်းပုံစံနှင့်အညီ အခန်းလိုက် ရှင်းလင်းချက်များနှင့်တကွ အမေးအဖြေစုံတို့ကို အပိုအလိုမရှိ စိစစ်ရေးသားထားသည်။ ကိုးနှစ်မြောက် အထူးထုတ် ရွှေကုံ့ကော် စာမေးပွဲ လမ်းညွှန် (Student Exam: Guide) စာမေးပွဲအထူးထုတ်ကို ဦးမင်းဦး ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်အဆောက်အအုံ ဖုန်း-၅၃၆၅၀၃၊ ၇၀၀၇၄၁၊ ၇၂၀၇၇၅ မှ ဖြန့်ချိလိုက်ကြောင်းသိရသည်။ **(ယာပုံ)**

(က-ပ)



နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်များမသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလအတွက်
နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၃၀-၁၁-၂၀၀၃)ရက်နေ့
၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလအတွက်
(၁၄-၁၂-၂၀၀၃)ရက်နေ့
နှင့်
(၂၈-၁၂-၂၀၀၃)ရက်နေ့

ဈေးကွက်ဂျာနယ် အမှတ်(၁၄၆)

ရန်ကုန် နိုဝင်ဘာ ၂၆

ဆရာမောင်ရှုးစမ်းနှင့် ဂျပန်ပါမောက္ခနှစ်ဦးတို့၏ နိုင်ငံခြားငွေလဲနှုန်းဆိုင်ရာ ပြဿနာများအပေါ် သုံးသပ်ချက်အပါအဝင် ပင်တိုင်ဆောင်းပါးရှင်များ၏ လက်ရာစုံ၊ နယ်သတင်းအစုံအလင်ဖြင့် ထုတ်ဝေလိုက်သော ဈေးကွက်ဂျာနယ် အမှတ် ၁၄၆၊ အမှတ် ၁၃၁၊ ၂၈လမ်း (အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၇၀၇၁၈ က ဖြန့်ချိသည်။ **(အပေါ်ပုံ)** **(က-ပ)**

မိုးကုတ် ဝိပဿနာ (၁၀)ရက် တရားစခန်း

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်တိုင်း သာကေတမြို့နယ် (၉)ရပ်ကွက် နဝရတ်လမ်း ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်၌ ဒီဇင်ဘာ ၁၂ ရက်မှ ၂၁ ရက်ထိ ၁၀ ရက် တရားစခန်းကို ပုညာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်ပုညာနန္ဒက ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ်တရားတို့ကို ဟောကြားပြသမည်ဖြစ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

စက်မှုစွမ်းအား ခေတ်ကျော်လွှား ၂၀

ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များ ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား တွေ့ဆုံနှုတ်ဆက်

ရန်ကုန် နိုဝင်ဘာ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura နှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်ကြသည်။ (ယာပုံနှင့် အောက်ပုံ)

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်မှူးချုပ်သိန်းထိုက်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr.Oum Maolanon နှင့် စစ်သံမှူး Col. Kasam Nakpun တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာတုန်းတာကုန်စည်ပြပွဲ ၂၀၀၃ ဖွင့် ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် နိုဝင်ဘာ ၂၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ခွင့်ပြုပံ့ပိုးကူညီမှုဖြင့် Tong Tah Co.,Ltd က စီစဉ် ခင်းကျင်းပြသသည့် မြန်မာတုန်း တာကုန်စည်ပြပွဲ–၂၀၀၃ (Myanmar Tong Tah Trade Fair' 2003) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းမရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန (Yangon Trade Centre) ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ လူမှုရေး၊ စီးပွားရေးအသင်း အဖွဲ့များမှ တာဝန်ရှိသူများ၊ Tong Tah Co.,Ltd. မှ President , Mr. Peter Loh နှင့် အဖွဲ့ဝင်များ၊ အုပ်ချုပ်မှု ဒါရိုက်တာ ဦးခင်မောင်လတ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ Tong Tah Co.,Ltd. မှ President, Mr. Peter Loh နှင့်အုပ်ချုပ်မှု ဒါရိုက်တာ ဦးခင်မောင်လတ်တို့က မြန်မာတုန်းတာကုန်စည်ပြပွဲ–၂၀၀၃ (Myanmar Tong Tah Trade Fair' 2003)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် တာဝန်ရှိသူများသည် မြန်မာတုန်းတာကုန်စည်ပြပွဲအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။**(အောက်ဝဲပုံ)**

အဆိုပါပြပွဲတွင် ပြည်တွင်း ပြည်ပမှ အထည်အလိပ်အမျိုးမျိုး၊ အလှကုန်နှင့်လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နှင့်အီလက် ထရောနစ်ပစ္စည်းအမျိုးမျိုး၊ ရုံးသုံး၊ ကျောင်းသုံး စာရေးကိရိယာအမျိုးမျိုး၊ မော်တော်ယာဉ်၊ အိမ်ခန်း၊ သန့်စင်ခန်းသုံးရေမွှေးများ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံး ရေစုပ်ပန့်များ၊ လက်သမားသုံးပစ္စည်းများ၊ကာပေါ်လစ်အရောင်တင်ဆီများ၊ သံချေးချွတ်ဆေးများ၊ မြက်ရိတ်စက်များ၊ အဆင့်မြင့်ကော်အမျိုးမျိုး၊ သစ်ဖြတ်စက်နှင့် အလူမီနီယံ လှေကားများ၊ မီးစက်နှင့် အင်ဂျင် အမျိုးမျိုး၊ ပန်းချီရေးဆွဲယှဉ်ပြိုင်ပွဲနှင့် Star Entertainment Co.,Ltd. ၏ ကုန်ပစ္စည်းဆိုင်ရာ သရုပ်ပြပွဲတို့ဖြင့် ကျင်းပမည်ဖြစ်ကာ တုန်းတာကုမ္ပဏီ ပြခန်းများတွင် (၁၀) ရာခိုင်နှုန်း ဈေးလျှော့မည်ဖြစ်ပြီး ပြပွဲကို ယနေ့မှ နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်သည်။ **(သတင်းစဉ်)**

ဆဲပင်းဒေးနယူးစ် အတွဲ(၂)၊အမှတ်(၃၆)ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၆

ပုဂ္ဂလိက မြို့ပတ်ရထား မကြာမီပြေးဆွဲရန် ပြင်ဆင်၊ ၂၀၀၂အတွက် အကယ်ဒမီ ပေးပွဲ မကြာမီကျင်းပမည်၊ ရွှေရတု အထိမ်းအမှတ် ဖြစ်သဖြင့် ယခင်နှစ်များထက် ထူးခြားမည်၊ ရုရှားဘဲကြီးများ ရခိုင်တွင်ဆောင်းခို၊ လေးနိုင်ငံ တစ်ဗီဇာစနစ် ကျင့်သုံးလာဖွယ်ရှိ စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် 7˚Day News ဂျာနယ်ထွက်ရှိသည်။

(အပေါ်ပုံ)

ဗုံးများရဲ့မအေ အမေရိကန်စစ်တပ်က စမ်းသပ်ဖောက်ခွဲရန်ပြင်၊ ဗော့ဒကာအရက်အပြိုင်သောက်ဆုရသူခမြာ အသက်ပျောက် ကျန်သူတွေဆေးရုံရောက်၊ မိုက်ကယ်ဂျက်ဆင်ကို ရဲကဖမ်းဝရမ်းထုတ်၊ အမေရိကန်တို့က အီရတ်တို့၏ ဒေါသကိုဆွနေဟု အီတလီပြော၊ ယာယီအာဏာပိုင်အဖွဲ့စီမံခန့်ခွဲမှုလွဲချော်ဟုဝေဖန်ခံရ၊ ကမ္ဘာတစ်ဝန်း ဆေးအတုများလွှမ်းမိုးနေပြီ၊ လင်ဖြစ်သူကို မယားဖြစ်သူက ကိုယ်တုံးလုံးဖြင့် ရေချိုးခန်းထဲတွင် ပိတ်လှောင်ထား စသည့်နိုင်ငံတကာသတင်းများ၊ ကျန်းမာရေး၊စီးပွားရေး၊ ဖျော်ဖြေရေး၊ အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House ဖုန်း–၇၀၃၈၀၃က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(က–ပ)**

ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် စာရေးတံမဲဆက်ကပ်ပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၆

သာယာဝတီမြို့နယ် သုံးဆယ်မြို့တွင်နှစ်စဉ်ကျင်းပမြဲဖြစ်သော သမ္မာဆန္ဒပွဲတော်ကြီးကို ၁၃၆၅ခုနှစ် နတ်တော်လပြည့်ကျော် ၇ ရက်မှ ပြာသိုလဆန်း ၁ ရက်အထိ ၉ ရက်တိုင်တိုင် ပျော်ပွဲရွှင်ပွဲ ကြည့်ချင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး ပင့်သံဃာအပါး ၂၄၀တို့အား ပြာသိုလဆန်း ၁ ရက် မွန်းတည့် ၁၂ နာရီတွင် လောင်းလှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ရေဦးအထက(၁)အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

ရေဦးမြို့ အထက(၁)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားသက်ပြည့် ဆရာ ဆရာမကြီးများအား (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၇ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီ၌ ရေဦး အထက(၁) ခန်းမ၌ကျင်းပမည်ဖြစ်ရာ အလှူငွေများထည့်ဝင်လှူဒါန်းကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

အလှူငွေများကိုရန်ကုန်မြို့ ဦးကိုကိုကြီး ဖုန်း–၀၁–၅၀၁၇၁၁၊ ဦးသန်းနွဲ့ ဖုန်း–၀၁–၆၆၁၇၂၆၊ ဦးခင်မောင်ဌေး ဖုန်း–၀၁–၅၂၆၇၉၁၊ ဦးကံကြီးမောင် ဖုန်း–၀၁–၂၉၇၉၁၆၊ ဦးဘအုပ် ဖုန်း–၀၁–၇၀၃၃၄၁၊ မန္တလေးမြို့မှ ဦးမောင်မောင် ဖုန်း–၀၂–၃၄၄၁၆ နှင့် ဦးကျော်ဝင်း ဖုန်း–၀၂–၅၄၁၇၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

■ *တိုင်းရင်းသားမှ*

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ စစ်ဘက်၊ နယ်ဘက်မှ အရာရှိများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး လိုက်ပါလျက် တပ်မတော်ရဟတ်ယာဉ်များဖြင့် ချင်းပြည်နယ် တွန်းဇံမြို့သို့ ရောက်ရှိကြရာ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တွန်းဇံမြို့ ချင်းရွှေပြည်ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တွန်းဇံမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဦးက တွန်းဇံမြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လက်ဖက် ၈၄၀ ဧက စိုက်ပျိုးရန် ဆောင်ရွက်နေမှု၊ နွားနောက်မွေးမြူမှု အပါအဝင် ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက တွန်းဇံမြို့ ဆက်သွယ်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ တီးတိန်-တွန်းဇံလမ်း အဆင့်မြှင့်ခြင်း လုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က တောင်ယာစပါး၊ ပြောင်း၊ ဟင်းသီးဟင်းရွက်၊ လိမ္မော်နှင့် ပိုးစာပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ပံ့ပိုးပေးမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ချင်းပြည်နယ် တီးတိန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာ၊ ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် အင်ဗာတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးသို့ နိုဝင်ဘာ ၂၄ ရက်က ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် ဒေသခံမွေးမြူရေးလုပ်ငန်းရှင်များက နွားနောက်မွေးမြူရေးနှင့် တိုးချဲ့မွေးမြူရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးများက မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ရေး၊ သစ်တောစိုက်ခင်းများ တိုးချဲ့ထူထောင်စိုက်ပျိုးရေး၊ ပညာရေးလုပ်ငန်းများ အပါအဝင် ဒေသဖွံ့ဖြိုးရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အလေးထား ဦးစားပေးဆောင်ရွက်သွားရန် အစီအမံများရှိထားပြီးဖြစ်သည်နှင့်အညီ နိုင်ငံတော်တာဝန်ရှိ ပုဂ္ဂိုလ်များ ချင်းပြည်နယ်သို့ မကြာခဏလာရောက်ပြီး ဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

ယနေ့လည်း မိမိနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လာရောက်ကြခြင်းဖြစ်ကြောင်း။

ဦးစားပေးဆောင်ရွက်ခဲ့

ချင်းပြည်နယ်သည် အကြောင်းကြောင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျကျန်နေခဲ့သည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ မိမိတို့အစိုးရ ခေတ်ကာလတွင် စောစောပိုင်းက လက်နက်ကိုင်ဆန့်ကျင်မှုများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေး ရရှိခဲ့သည့် တိုင်းရင်းသားလူမျိုးများ၏ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ခဲ့ကြကြောင်း။

နောက်ပိုင်းတွင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေခဲ့သည့်တိုင်းရင်းသားလူမျိုးများနေထိုင်ရာ နယ်စပ်ဒေသများ အားလုံးတွင် ဖြန့်ကြက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခဲ့ရာ၌ ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများလည်း ပါဝင်ခဲ့ကြောင်း။

ဒေသဖွံ့ဖြိုးရေးတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အဓိကပင်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါမှ အခြားသော ဖွံ့ဖြိုးတိုးတက်မှုများ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာမှာဖြစ်ကြောင်း။

အဆင့်မြှင့်တင်ပေးနေ

ချင်းပြင်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတော်အစိုးရက ဘဏ္ဍာငွေများ ချမှတ်ပေးပြီး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤဒေသတွင် တွန်းဇံ-တီးတိန်လမ်း၊ တွန်းဇံ-ကျီခါးလမ်းများအပြင် တီးတိန်-ရိဒ်လမ်း၊ ဖလမ်း-ရိဒ်လမ်းများပါ အဆင့်မြှင့်တင်ရေးအတွက် စီမံဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း။

ဤလမ်းများတိုးတက်ကောင်းမွန်လာပြီဆိုပါက တွန်းဇံရော၊ တီးတိန်မြို့ပါ ပိုမိုတိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ကြောင်း၊ လမ်းပန်းကောင်းမွန်လာသည်နှင့်အမျှ ဒေသ၏စီးပွားရေးအခြေအနေများ တိုးတက်ဖြစ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ချင်းပြည်နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ သဘာဝ အကန့်အသတ်များရှိနေကြောင်း၊ သို့ဖြစ်၍ ဒေသနှင့်ကိုက်ညီသည့် တောင်ယာစပါး၊ ကုန်းမြင့်လယ်ယာစိုက်ပျိုးရေးနှင့် အခြားသော ဖြစ်ထွန်းနိုင်သည့် သီးနှံများရွေးချယ် စိုက်ပျိုးရန်လိုကြောင်း။

စီးပွားဖြစ်စိုက်ပျိုး

တွန်းဇံမြို့နယ်သည် ဝမ်းစာရေရှည်ဖူလုံရေးအတွက် တိုးချဲ့စိုက်ပျိုးရန် လိုအပ်သလို ဈေးကွက်လည်းရှိပြီး ဒေသ၌လည်း စိုက်ပျိုးဖြစ်ထွန်းသည့် လက်ဖက်ကို စီးပွားဖြစ် စိုက်ပျိုးသွားကြရန်လိုကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရေး လမ်းညွှန်မှာကြားထားသည့် အားလျော်စွာ လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းများကို စီမံကိန်းရည်မှန်းချက်များနှင့်အညီ အောင်မြင်ဖြစ်ထွန်းအောင် စီမံဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

နွားနောက်မွေးမြူရေးလုပ်ငန်းမှာလည်း ချင်းပြည်နယ်နှင့် ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းနိုင်သည့် လုပ်ငန်းဖြစ်ရာ လိုအပ်သော ငွေအရင်းအနှီး ရရှိစေရေးအတွက် နိုင်ငံတော်က ချေးငွေများထုတ်ပေးပြီး အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ကြိုးစားဆောင်ရွက်

ဤကဲ့သို့ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အဘက်ဘက်က စီမံအားပေးဆောင်ရွက်လျက်ရှိသည့် အချိန်အခါတွင် ဒေသခံပြည်သူများကလည်း မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ၏ စီးပွားရေး တိုးတက်ကောင်းမွန်ရေး၊ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် ဝီရိယစိုက်ထုတ်မှုတို့ဖြင့် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း။

ဤသို့ နိုင်ငံတော်အစိုးရက လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသစီးပွားရေး တိုးတက်ဖြစ်ထွန်းစေရေး၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အဘက်ဘက်က စီမံ အားပေးဆောင်ရွက်လျက်ရှိချိန်တွင် ဒေသခံပြည်သူများ အပိုင်းကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်အောင် မိမိတို့၏ လူနေမှုဘဝ တိုးတက်မြင့်မားအောင် ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တွန်းဇံမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်တစ်စုံ၊ အင်ဗာတာတစ်စုံတို့ကို မြို့နယ်ပညာရေးမှူး ဦးထန်ဟဲနှင့် ကျောင်းအုပ်ဆရာကြီး ဦးလျန်းခန့်ဆွင်းတို့အားလည်းကောင်း၊ ဒေသခံ ပြည်သူများအတွက် အဝတ်အထည်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအားလည်းကောင်း ပေးအပ်သည်။

တွန်းဇံဆေးရုံကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် တွန်းဇံမြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး လူနာများအား ကြည့်ရှုအားပေးကာ ဆေးရုံအဆောက်အအုံကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအဆောက်အအုံ ပြုပြင်ထိန်းသိမ်းရန် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် တွန်းဇံမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

ဆက်လက်၍ နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး Audio Room၊ Language Lab၊ Computer Skills Room နှင့် Computer Aided Instruction Room များ၌ ကျောင်းသားကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းဆောင် တိုးချဲ့ရန် လိုအပ်မှုများကို ပံ့ပိုးပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကျီခါးမြို့သို့ ရောက်ရှိကြရာ ကျီခါးမြို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျီခါးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ချင်းပြည်နယ် ကျီခါးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျီခါးမြို့ ဒေသခံ ပြည်သူများအတွက် အဝတ်အထည်များကို အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းသို့ နိုဝင်ဘာ ၂၄ ရက်က ပေးအပ်စဉ်။ (သတင်းစဉ်)

အစီအစဉ်အရ ကျီခါးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းက ကျီခါးမြို့၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဒေသဝမ်းစာ ဖူလုံနေမှု၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရပ်မိရပ်ဖများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ကျီခါးမြို့ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ စားဝတ်နေရေး ချောင်လည်ပြည့်စုံပြီး လူနေမှုဘဝ အဆင့်အတန်း မြင့်မားရေးတို့အတွက် နိုင်ငံတော်အစိုးရက စီမံအားပေး ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ဌာနဆိုင်ရာ တာဝန်ရှိသူများ အပိုင်းက စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ကြရန်၊ မြို့အင်္ဂါနှင့်ညီညွတ်ရေး၊ သာယာလှပရေး၊ လုပ်ငန်းများ တိုးချဲ့စီမံအကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပထမဦးစွာ မှာကြားလိုကြောင်း။

ပေါင်းစပ်ဆောင်ရွက်

ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ဌာနတစ်ခုချင်း ဆောင်ရွက်မည့်အစား လုပ်ငန်းကော်မတီများ ဖွဲ့စည်းကာ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရန်လည်းလိုကြောင်း။

လမ်းပန်းဆက်သွယ်မှု တိုးတက် ကောင်းမွန်စေရေး၊ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဆင့်အတန်း မြင့်မားစေရေးတို့အတွက် နိုင်ငံတော်၏ အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရအောင် စည်းရုံးဦးဆောင်သွားရန်လည်းလိုကြောင်း။

ကျီခါးမြို့သည် အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ဒေသဖြစ်သည်နှင့်အညီ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံတော်က ထူထောင်ထားသည့် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးယန္တရားကို စနစ်တကျဖြန့်ကြက်နိုင်အောင် ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် တက်ညီလက်ညီညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန်ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျီခါးမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်တစ်စုံ၊ အင်ဗာတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာကြီး ဦးနီပိန်းအားလည်းကောင်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များကို အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းအားလည်းကောင်း ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကျီခါးတိုက်နယ်ဆေးရုံသို့ ရောက်ရှိကြရာ တာဝန်ခံဆရာဝန် ဒေါက်တာဝေဖုန်းနှင့် ဆရာမများက ကြိုဆိုကြပြီး ဆေးရုံလူနာဆောင်များကို လိုက်လံပြသကြသည်။

စာသင်ဆောင်တိုးချဲ့ပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ကျီခါးမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး စာသင်ဆောင်များနှင့် Computer Skills Room၊ Audio Visual Room တို့ကို ကြည့်ရှုစစ်ဆေးကြသည်။ စာသင်ဆောင်တိုးချဲ့ပေးရေးကိုလည်း စီမံပေးခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရိခေါဒါရ်မြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရိခေါဒါရ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

အစီအစဉ်အရ ရိခေါဒါရ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးမြဝင်းက ရုံးအဆောက်အအုံများ တည်ဆောက်ရေး၊ မြို့တွင်းလမ်းများဖောက်လုပ်ရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရိခေါဒါရ်မြို့ ပြည်သူ့ဆေးရုံတာဝန်ခံ ဒေါက်တာကျော်စွာလင်းက ဒေသတွင်းအဖြစ်များသော ရောဂါများနှင့် ဆေးဝါးကုသမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်က နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၂)နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုတပ်ရင်းတာဝန်ခံ ဗိုလ်ကြီးရဲမိုးသန်းက နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ရိခေါဒါရ်မြို့သည် အိန္ဒိယနိုင်ငံနှင့် နယ်စပ်ချင်းထိစပ်နေသည့်အပြင် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဖွင့်လှစ် ဆောင်ရွက်နေသည့် ဒေသဖြစ်ရာ ကုန်သွယ်မှုလုပ်ငန်းများ၊ လူနှင့်ပစ္စည်းဝင်ထွက်မှုလုပ်ငန်းများ စနစ်တကျနှင့် ဥပဒေနှင့်ညီညွတ်စေရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ အားလုံးက ညှိနှိုင်းပေါင်းစပ်ပြီး တက်ညီလက်ညီ ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ချင်းပြည်နယ် ကျီခါးမြို့ ကျီခါးတိုက်နယ်ဆေးရုံအတွင်း နိုဝင်ဘာ ၂၄ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အလေးဂရုပြု

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုရှိထားပြီးသည့် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ရာ နှစ်နိုင်ငံအကြားနယ်စပ်မှ တစ်ဆင့်ဆက်သွယ်ဆက်ဆံမှုများ ဥပဒေနှင့်ညီညွတ်ပြီး အဆင်ပြေချောမွေ့စေရန်နှင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေရန် ဤဒေသတွင် တာဝန်ထမ်းဆောင်နေသည့် ဌာနဆိုင်ရာတာဝန်ရှိသူအသီးသီးက အလေးဂရုပြုဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ရိခေါဒါရ်မြို့နှင့်ဖလမ်းမြို့၊ တီးတိန်မြို့များသို့ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက် ထားပြီးဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

သို့ဖြစ်၍ ရိခေါဒါရ်မြို့တွင် တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူအသီးသီးက နိုင်ငံတော်ကစီမံဖန်တီးပေးထားသော နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ စနစ်တကျ တိုးတက်ဖြစ်ထွန်းအောင်၊ ဒေသစီးပွားရေးတိုးတက်စည်ပင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်အောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရန် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရိခေါဒါရ်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်တစ်စုံ၊ အင်ဗာတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာကြီး ဦးမုန်းကီယိုအားလည်းကောင်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များကို မြို့နယ်မှတာဝန်ရှိသူအားလည်းကောင်း ပေးအပ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် တီးတိန်မြို့သို့ ရောက်ရှိကြရာ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တီးတိန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှေ့ဦးစွာ တီးတိန်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းမောင်လူက မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ နေထိုင်လျက်ရှိသော တိုင်းရင်းသားလူမျိုးများ၊ စိုက်ပျိုးရေး၊ နွားနောက်မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်ရေး အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေးအတွက် ယနေ့နိုင်ငံတော်တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ စုံညီစွာဖြင့် တွန်းဇံ၊ ကျီခါး၊ ရိခေါဒါရ်နှင့် ယခုတီးတိန်မြို့များသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှုအပါအဝင် ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံအဆောက်အအုံများ ပြည့်ပြည့်စုံစုံဖြစ်ထွန်းနေရန် လိုအပ်ကြောင်း။

မျှမျှတတဖွံ့ဖြိုးအောင်

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရမည်ဆိုသည့် သဘောထားခံယူချက်နှင့်အညီ ပြည်နယ်၊ တိုင်း ဒေသများအားလုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရအောင် စီမံကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ချင်းပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးတွင် အားနည်းလျက်ရှိရာ ချင်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးအကြားနှင့် မြေပြန့်ဒေသများသို့ ဆက်သွယ်သည့် လမ်းများတိုးတက်ကောင်းမွန်အောင် လက်ဖက်စိုက်ပျိုးရေးနှင့် နွားနောက်မွေးမြူရေးဖြစ်ထွန်းအောင် နိုင်ငံတော်အစိုးရက ဘဏ္ဍာငွေများစွာ ကျခံသုံးစွဲ ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

ဤသို့ နိုင်ငံတော်က ပံ့ပိုးစီမံဆောင်ရွက်နေသည့် လုပ်ငန်းများ ထိရောက်အောင်မြင်ရေးအတွက် ချင်းပြည်နယ်အတွင်းရှိ ဒေသဆိုင်ရာ အာဏာပိုင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်သူများအားလုံးက တက်ညီလက်ညီ ပူးပေါင်းပြီး ဝီရိယစိုက်ထုတ် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှသာ အခြားသော ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမည်ဖြစ်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက စေတနာရှေ့ထားပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို မှန်ကန်တိကျစွာ ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စနစ်တကျဖော်ဆောင်

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဒေသ၏ ပထဝီအနေအထား၊ ရာသီဥတု အနေအထား ထူးခြားမှုနှင့် ကိုက်ညီဆီလျော်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းလာအောင် ဗဟိုမှတာဝန်ရှိသူများက ဦးဆောင်စီမံခန့်ခွဲပြီး နည်းပညာသစ်များ ပံ့ပိုးကူညီပေးရမှာ ဖြစ်သကဲ့သို့ ဒေသရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

စီးပွားကူးသန်း ရှေ့သို့လှမ်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ချင်းပြည်နယ် တီးတိန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ ဒေသခံပြည်သူများအတွက် အဝတ်အထည်များကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသို့ ပေးအပ်စဉ်။

(သတင်းစဉ်)

ဒေသအတွင်း ဖြစ်ထွန်းနိုင်သော လက်ဖက်အပြင် ရာသီသီးနှံများ၊ နှစ်ရှည်သီးနှံများ တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း။

နွားနောက်မွေးမြူရေးနှင့် အိမ်နီးချင်းနိုင်ငံတွင် ဈေးကွက်ရှိသော အခြားသော မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးထားပြီးဖြစ်ရာ ဒေသခံပြည်သူများက ပူးပေါင်းပါဝင်ပြီး တစ်ပိုင်တစ်နိုင် မွေးမြူရေးမှသည် စီးပွားဖြစ် မွေးမြူရေးသို့ ကူးပြောင်းဆောင်ရွက်သွားကြစေလိုကြောင်း။

နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က အားပေးဆောင်ရွက်နေချိန်တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသခံများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေ တိုးတက်မြင့်မားစေရေးအတွက် စေတနာစိတ်ထားဖြင့် ကြိုးပမ်းဆောင်ရွက်ကြသကဲ့သို့ ပြည်သူအများကလည်း ဝီရိယ စိုက်ထုတ် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

ပြည်ထောင်စုကြီးတည်တံ့မည်

ပြည်နယ်နှင့်တိုင်း ၁၄ ခုဖြင့် ဖွဲ့စည်းဖြစ်တည်နေသည့် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအားလုံး ဆူကြဲနိမ့်မြင့် ကွာဟချက်နည်းပါးစွာဖြင့် မျှတစွာ ဖွံ့ဖြိုးတိုးတက်မှသာ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးဖြစ်ထွန်းပြီး ပြည်ထောင်စုကြီးလည်း တည်တံ့ခိုင်မြဲမှာဖြစ်ကြောင်း။

ပြည်ထောင်စုကြီးအတွင်း နှစ်ပေါင်းထောင်ချီပြီး ပေါင်းစည်းယှက်နွှယ် နေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားလူမျိုးများအားလုံးသည် ယနေ့ထက်တိုင်လည်း နယ်မြေဒေသအသီးသီးတွင် ခွဲခြား၍မရအောင် ပေါင်းစည်းယှက်နွှယ်နေထိုင်လျက်ရှိကြရာ တိုင်းနှင့်ပြည်နယ် တစ်ခုချင်းမှာပင် တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းနေထိုင်ရာ ပြည်ထောင်စုငယ်လေးများအသွင် ဖြစ်တည်လျက်ရှိနေကြကြောင်း။

ပေါင်းစည်းနေထိုင်

ယင်းသို့ တိုင်းရင်းသားလူမျိုးများအားလုံး ပေါင်းစည်းနေထိုင်ကြသည့် ပြည်ထောင်စုငယ်လေးများ စုစည်းဖြစ်တည်ရာက ပြည်ထောင်စုကြီးဖြစ်လာရသည်နှင့်အညီ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများအားလုံးကလည်း ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ ပေါင်းစည်းနေထိုင်ကြရန်လိုကြောင်း။

တိုင်းရင်းသား စည်းလုံးညီညွတ်မှု တိုးပွားခိုင်မာမှသာ ပြည်ထောင်စုကြီးခိုင်မြဲမှာဖြစ်သကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးယိုင်နဲ့သည်နှင့်အမျှ တိုင်းတစ်ပါး၏ သွေးခွဲသပ်လျှိုမှု အချိန်မရွေး ဝင်ရောက်လာမှာဖြစ်ကြောင်း။

သို့ဖြစ်၍ နှစ်ပေါင်းထောင်ချီသည့်သမိုင်းစဉ်တစ်လျှောက် ဘိုးစဉ်ဘောင်ဆက် ဥမကွဲသိုက်မပျက် ပေါင်းစည်းယှက်နွှယ်နေထိုင်လာခဲ့ကြသည့် အစဉ်အလာကောင်းများ မပျက်ယွင်းစေရေး၊ သွေးချင်းသားရင်းများအကြား စိတ်ဝမ်းမကွဲပြားစေရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဖြစ်ထွန်းခိုင်မာနေရန် လိုအပ်ကြောင်း။

ယင်းသို့ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး တိုးတက်ခိုင်မာနေစေရေးအတွက် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းဒေသများအားလုံး ဟန်ချက်ညီညီ မျှတစွာ ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်အစိုးရက စီမံလျက်ရှိကြောင်း။

ကာကွယ်စောင့်ရှောက်

တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးကလည်း နိုင်ငံတော်အစိုးရ၏ စေတနာနှင့် သဘောထားကို နားလည်သဘောပေါက်ပြီး ပြည်ထောင်စုကြီးမပြိုကွဲစေရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပျက်ပြားစေရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲပြီး သူတစ်ပါး ဩဇာအာဏာလောင်းရိပ်အောက်သို့ မကျရောက်စေရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူကာ နိုင်ငံတော်ကြီးကိုလက်တွဲကာကွယ် စောင့်ရှောက်သွားကြရန်နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းများအတွက် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်တစ်စုံနှင့် အင်ဗာတာတစ်စုံတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအားလည်းကောင်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအားလည်းကောင်း ပေးအပ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် တီးတိန်မြို့ ဧည့်ရိပ်သာသို့ ရောက်ရှိကြပြီးရပ်နားကြသည်။ **(သတင်းစဉ်)**

စီမံကိန်းရေးဆွဲရေးဦးစီးဌာန စီမံကိန်းကျွမ်းကျင်မှုအဆင့်(၁)သင်တန်းဆင်း

ရန်ကုန် နိုဝင်ဘာ ၂၆

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ စီမံကိန်းကျွမ်းကျင်မှုအဆင့်(၁) သင်တန်း အမှတ်စဉ် (၃၅)ဆင်းပွဲ အခမ်းအနားကိုယမန်နေ့မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ဝန်ကြီးများရုံးရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းနွဲ့က အမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။ **(သတင်းစဉ်)**

သားငါးပွဲ့ဖြိုး ပြည်အကျိုး

လေးနိုင်ငံထိပ်သီးအစည်းအဝေး ပုဂံကြေညာချက်အပေါ် အထူးတလည်ကြိုဆို

နိုင်ငံတစ်ရပ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအကြောင်းရင်းဟာ ကုန်ထုတ်ကုန်သွယ်မှုအပေါ်မှာ တည်နေတာကိုတွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ လူ့သမိုင်းတွင် (Social Division of Labour) လူမှုအလုပ်ခွဲဝေမှု စတင်ပေါ်ပေါက်လာချိန်ကစပြီး ကုန်ထုတ်ကုန်သွယ်မှု ထွန်းကားတိုးတက်လာတာ ဖြစ်ပါတယ်။ လူတွေဟာ ကျွမ်းကျင်ရာလိမ္မာ လုပ်ကိုင်စားသောက်မှုကစပြီး ကုန်ထုတ်မှု၊ ကုန်ဖလှယ်မှုတွေ စတင်လာခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် **"လူ့အဖွဲ့အစည်းအတွင်း အလုပ်ခွဲဝေမှုဟာ လူလုပ်အားကို အနန္တထုတ်ကုန်စွမ်းအားတွေ အပ်နှင်းထားတယ်။ အသိဉာဏ် အတွေ့အကြုံ ဘဏ္ဍာတိုက်ကို အဆက်မပြတ် အသစ်အသစ်တွေနဲ့ ဖြည့်ဆည်းကြွယ်ဝလာစေတယ်။ အလုပ်ခွဲဝေမှုကျယ်ပြန့်လာလေ လူ့ရဲ့အသိအလိမ္မာ ဆင်ခြင်တုံတရားနဲ့ အတွေ့အကြုံဗဟုသုတတွေလဲ ရင့်ကျက်မြင့်မားလာလေဖြစ်တယ်"**...လို့ ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒတရားက ဆိုပါတယ်။

သမိုင်းအတွေ့အကြုံရယ်၊ လက်တွေ့ဘဝဟာ သဘောတရားရဲ့ အရင်းခံဖြစ်တယ်ဆိုတဲ့ ကြောင်းကျိုးဆက်စပ်မှုတရားရယ်၊ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒတရားရယ်တို့ရဲ့ အလိုအရ အသိစိတ်၊ ဆန္ဒ၊ အာရုံခံစားမှုတို့ဟာ လူမှုဘဝလှုပ်ရှားမှုရဲ့ အကျိုးဆက် ထင်ဟပ်ချက်သာဖြစ်ပါတယ်။ ကုန်ထုတ်ကုန်သွယ်မှုတွေဟာ လူ့အဖွဲ့အစည်းအတွင်း အစွန်းထွက်တန်ဖိုး (Surplus Value) ကို အရင်းအဖြစ် အသွင်ပြောင်းလဲရေးနဲ့ တိုးချဲ့ထုတ်လုပ်ရေးတရားကြောင့် တိုးတက်လာတာ ဖြစ်ပါတယ်။ ဒါကြောင့် လူ့အဖွဲ့အစည်းရဲ့ အရင်းသုံးရပ်ဖြစ်တဲ့ (၁)(Commodity Capital)ရောင်းကုန်အရင်း၊ (၂)(Money Capital) အသပြာအရင်း၊ (၃)(Productive Force Capital) ထုတ်ကုန်ကိရိယာ အရင်းတွေ ပွားစီးတိုးတက်ခေတ်မီအဆင့်... လာတာဖြစ်ပါတယ်။ ဒီအပေါ် အကြောင်းပြုပြီး အုပ်ချုပ်ရေး၊ တရားဥပဒေရေး၊ လူမှုရေး၊ ယဉ်ကျေးရေး၊ ဒီမိုကရေစီ လူ့အခွင့်အရေးတွေလဲ ပြောင်းလဲလိုက်ပါ တိုးတက်ခဲ့ပါတယ်။ ၁၉၅၀ပြည့်နှစ် ဝန်းကျင်တွင် စုစုပေါင်းဒေါ်လာသန်း ၂၀၀ဖိုးမျှသာ နေ့စဉ်ရောင်းဝယ်ကုန်သွယ်ခဲ့သော်လဲ ၂၀၀၂ခုနှစ်သို့ ရောက်တဲ့အခါ ဒေါ်လာသန်း ၆၀၁၀အထိ တိုးတက်လာခဲ့တယ်။ ဒီနှစ်ငါးဆယ်အတွင်း ကမ္ဘာ့ကုန်သွယ်ရေးဟာ ကမ္ဘာ့စီးပွားရေးတိုးတက်မှုရဲ့ မောင်းနှင်အားဖြစ်ပါတယ်။

ကုန်သွယ်မှုအဆ ဆပွားများတိုးတက်လာတဲ့ ၂၀၀၂ခုနှစ်ဟာ ၁၉၅၀ပြည့်နှစ်ထက် လူနေမှုအဆင့်အတန်း ဘယ်လောက် မြင့်မားတိုးတက်လာတယ်၊ နည်းပညာရပ်တွေ ဘယ်လောက် တိုးတက်လာတယ်ဆိုတာကို သိသာနိုင်ပါတယ်။ လူတွေရဲ့ အခွင့်အလမ်းတွေလဲ ဘယ်လောက်တိုးတက်လာတယ်ဆိုတာလဲ သိသာနိုင်ပါတယ်။ (ဥပမာ–အမေရိကန်မှာဆိုရင် ၁၉၅၀ ပြည့်နှစ်နောက်ပိုင်း ၁၉၇၁ခုနှစ်ကျမှသာ လူတိုင်း မဲပေးခွင့်ရရှိလာတယ်) ဒါပေမယ့် အဲဒီလို ကုန်ထုတ်ကုန်သွယ်မှုတွေ တိုးတက်လာတဲ့ အသီးအပွင့်တွေကို ချမ်းသာတဲ့ စက်မှုနိုင်ငံများကသာ လှိုင်လှိုင်ခံစားခဲ့တာဖြစ်ပါတယ်။ ရောင်းဝယ်ဖောက်ကားမှု ကောင်းမွန်တဲ့ဒေသတွေမှာ စီးပွားရေးတိုးတက်ပြီး ရောင်းဝယ်ဖောက်ကားမှု မကောင်းတဲ့ဒေသတွေမှာ စီးပွားရေးအားနည်းနေတာ တွေ့နိုင်ပါတယ်။

WTO နှင့် UNCTAD တို့က ထုတ်ပြန်တဲ့ စာရင်းဇယားများအရ ကမ္ဘာမှာ ပို့ကုန်အများဆုံး တင်ပို့ပေးနေတဲ့ နိုင်ငံငါးနိုင်ငံတွင် စုစုပေါင်းလူဦးရေ ၆၄၆သန်း နေထိုင်ပြီး အဲဒီပို့ကုန်ထိပ်သီးငါးနိုင်ငံက ကမ္ဘာ့ကုန်သွယ်မှုရဲ့ ၃၇ရာခိုင်နှုန်းကို တင်ပို့ရောင်းချကြတယ်။ တစ်ဖက်မှာ ကမ္ဘာ့ဖွံ့ဖြိုးမှု အနည်းဆုံး ၄၉နိုင်ငံတွင် စုစုပေါင်းလူဦးရေ ၆၄၈သန်းနေထိုင်ပြီး ဒီနိုင်ငံတွေရဲ့ ပို့ကုန်ရောင်းချမှု ပမာဏဟာ ကမ္ဘာ့ကုန်သွယ်မှုပမာဏရဲ့ ၀ ဒသမ ၆ရာခိုင်နှုန်းသာ ရှိပါတယ်။ ပို့ကုန်အများဆုံး တင်ပို့သော နိုင်ငံများကတော့ အမေရိကန်၊ ဂျာမနီ၊ ဂျပန်၊ ပြင်သစ်၊ ဗြိတိန်တို့ဖြစ်ပါတယ်။ ဒီငါးနိုင်ငံဟာ ဖွံ့ဖြိုးမှုအနည်းဆုံး ၄၉ နိုင်ငံက တင်ပို့တဲ့ ကုန်များထက် အဆတစ်ရာကျော်ပိုပြီး တင်ပို့ရောင်းချနေကြပါတယ်။ ဒါဟာ ကမ္ဘာ့ကုန်သွယ်မှု အခွင့်အရေးတွေကို ဘယ်နိုင်ငံတွေက လှိုင်လှိုင်ကြီး ခံစားနေတယ်ဆိုတာ မျက်ဝါးထင်ထင် တွေ့မြင်နေရမှုဖြစ်ပါတယ်။

ဒါ့အပြင် အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေဟာ သူတို့ဩဇာမခံတဲ့ ဖွံ့ဖြိုးဆဲနဲ့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေရဲ့ ပြုပြင်ပြောင်းလဲရေးအပေါ် စီးပွားပျက်ကုန်အောင် အမျိုးမျိုး ပိတ်ဆို့အရေးယူမှုတွေလဲ လုပ်နေပါတယ်။ ဒီမတရားမှုများကြောင့် ကမ္ဘာ့ဆင်းရဲမွဲတေမှုကို ကြီးထွားလာစေခဲ့ပါတယ်။ ကမ္ဘာမှာ လူဦးရေ သန်းတစ်ထောင်ကျော်ဟာ ဆင်းရဲမွဲတေမှုမျဉ်းအောက်ရောက်နေတယ်လို့ဆိုပါတယ်။ ဆင်းရဲမွဲတေမှု မျဉ်းပေါ်မှာရှိသလား၊ မရှိဘူးလားဆိုတဲ့အချက်ကို လူတစ်ဦးလျှင် တစ်နေ့ ဝင်ငွေဘယ်လောက် ရသလဲဆိုတဲ့အချက်ပေါ်မူတည်ပြီး တိုင်းပါတယ်။ လူတစ်ဦးရဲ့ တစ်နေ့ဝင်ငွေဟာ အမေရိကန်ငွေတစ်ဒေါ်လာ အထက်ရောက်ရင် ဒီလူဟာ ဆင်းရဲမွဲတေမှုမျဉ်းရဲ့အပေါ်မှာရှိပြီး ဆင်းရဲမွဲတေတယ်လို့ မခေါ်နိုင်ပါ။ တကယ်လို့ လူတစ်ယောက်ရဲ့ တစ်နေ့ဝင်ငွေဟာ အမေရိကန်ငွေ တစ်ဒေါ်လာအောက် ရောက်နေရင် ဒီလူဟာ ဆင်းရဲမွဲတေမှုမျဉ်းရဲ့ အောက်မှာရှိပြီး ဒီလူတွေကို ဆင်းရဲမွဲတေတယ်လို့ စာရင်းမှတ်နိုင်တယ်။ အဲဒီလို ခွဲခြားပါတယ်။

အရှေ့အာရှမှာ ၁၉၉၀ပြည့်နှစ်က တစ်နေ့ဝင်ငွေ တစ်ဒေါ်လာအောက်ရတဲ့ လူဦးရေသန်းပေါင်း ၄၇၀ရှိပြီး ၂၀၀၀ပြည့်နှစ်မှာ ၂၆၁သန်းရှိတယ်။ ဒါကြောင့် ၂၀၁၅ခုနှစ်ရောက်ရင် ၄၄သန်းသာရှိတော့မယ်လို့ တွက်ပါတယ်။ တောင်အာရှမှာ ၁၉၉၀ပြည့်နှစ်က တစ်နေ့ဝင်ငွေ တစ်ဒေါ်လာအောက်ရတဲ့ လူဦးရေသန်းပေါင်း ၄၆၆သန်းရှိပြီး၊ ၂၀၀၀ပြည့်နှစ်မှာ ၄၃၂သန်းရှိတယ်။ ဒါကြောင့် ၂၀၁၅ခုနှစ် ရောက်ရင် ၂၆၈သန်းရှိမယ်လို့ တွက်ပါတယ်။ အာဖရိကမှာ ၁၉၉၀ပြည့်နှစ် တစ်နေ့ဝင်ငွေ တစ်ဒေါ်လာအောက်ရတဲ့ လူဦးရေသန်းပေါင်း ၂၄၁သန်းရှိပြီး ၂၀၀၀ပြည့်နှစ်မှာ ၃၂၃သန်းရှိပါတယ်။ ဒါကြောင့် ၂၀၁၅ခုနှစ်တွင် ၃၆၆သန်းရှိမယ်လို့ တွက်ပါတယ်။

ကုန်သွယ်မှု တိုးတက်လာတဲ့အတွက် အဲဒီလိုဆင်းရဲမွဲတေမှု လျော့နည်းလာမှုအခြေအနေတွေကို WTO နဲ့ World Bank တို့ရဲ့ စာရင်းဇယားများအရ ခုလိုတွေ့ရပါတယ်။ ကမ္ဘာပေါ်မှာ မြောက်အမေရိကဒေသနဲ့ အနောက်ဥရောပဒေသတို့ပြီးရင် အရှေ့အာရှဟာ တတိယကုန်သွယ်မှုအများဆုံး ဒေသဖြစ်ပါတယ်။ အရှေ့အာရှမှာ ၁၉၇၀ပြည့်နှစ်က ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံသန်းပေါင်း ၃၀၀၊ ၁၉၈၀ပြည့်နှစ်မှာ ၁၆၀၀၊ ၁၉၉၀ပြည့်နှစ်မှာ ၃၅၀၀၊ ၂၀၀၀ပြည့်နှစ်မှာ ၇၂၀၀အသီးသီး တိုးတက်လာခဲ့ပါတယ်။

တောင်အာရှမှာ ၁၉၇၀ပြည့်နှစ်က ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံသန်းပေါင်း၁၂၊ ၁၉၈၀ပြည့်နှစ် မှာ ၆၆၊ ၁၉၉၀ပြည့်နှစ်မှာ ၃၀၀၊ ၂၀၀၀ပြည့်နှစ် ၆၀၀ အသီးသီးတိုးတက်လာခဲ့တယ်။ အာဖရိကဒေသမှာ ၁၉၇၀ပြည့်

အောင်မိုးစံ

နှစ်က ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံသန်းပေါင်း ၇၅၊ ၁၉၈၀ပြည့်နှစ် မှာ ၉၅၊ ၁၉၉၀ပြည့်နှစ်မှာ ၂၅၀၊ ၂၀၀၀ပြည့်နှစ်မှာ ၃၀၀အသီးသီး တိုးတက်လာ ခဲ့ပါတယ်။ ဒီအထဲက အရှေ့အာရှရဲ့ ကုန်သွယ်ရေးတိုးတက်လာမှု၊ ဆင်းရဲမွဲတေမှု လျော့နည်းလာမှု မြန်ဆန်နေတဲ့ အခြေအနေကို ကြည့်မယ်ဆိုရင် တရုတ်ပြည်ကြီး အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးလာမှု၊ အရှေ့တောင်အာရှဒေသ (အာဆီယံ)အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှု၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို အာဆီယံ+၃ (တရုတ်–ဂျပန်–တောင်ကိုရီးယား)တို့နှင့် ပိုမိုတိုးမြှင့်လုပ်ဆောင်လာမှု၊ အာဆီယံနိုင်ငံများ ဘုံဈေးကွက်ပေါ်ပေါက်ရေး ရှေးရှုကြိုးပမ်းမှု၊ အာဆီယံ+၃ နိုင်ငံဘုံဈေးကွက်ကြီးပေါ်ပေါက်ရေးအတွက် ရှေးရှုကြိုးပမ်းမှုတို့ကြောင့် ဖြစ်ပါတယ်။

မကြာသေးမီက မြန်မာနိုင်ငံ မန္တလေးတိုင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံမြို့မှာ အာဆီယံအဖွဲ့ဝင် နိုင်ငံများဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း လေးနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာ အကောင်အထည်ဖော်ရေး ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြီးစီးသွားခဲ့ပါတယ်။ အဲဒီထိပ်သီးအစည်းအဝေးရဲ့ ပုဂံကြေညာချက်တွင်–

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ အဓိကရည်မှန်းချက်များမှာ–

- နယ်စပ်ဒေသများတွင် စွမ်းဆောင်ယှဉ်ပြိုင်နိုင်မှု မြှင့်တင်ရန်နှင့် ယခုထက်ပိုမို ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းစေရန်၊
- စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အခွင့်အလမ်းပိုမို ကောင်းမွန်သည့်ဒေသများသို့ ပြောင်းရွှေ့ရာ၌ ပိုမိုလွယ်ကူချောမွေ့စေရန်၊
- အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် လေးနိုင်ငံအကြား ဝင်ငွေကွာဟမှုကို လျော့နည်းရန်၊
- လေးနိုင်ငံစလုံးတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် မျှတစွာ သာယာဝပြောမှု စဉ်ဆက်မပြတ်ဖြစ်ပေါ်စေရေးတို့ကို မြှင့်တင်ရန် ဖြစ်သည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာအောက်မှ ပူးပေါင်းဆောင်ရွက်ကြမည့်ကဏ္ဍများမှာ–

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေး

- သက်ဆိုင်ရာ တစ်နိုင်ငံချင်း၏ စွမ်းပကား အားသာချက်များကို အပြည့်အဝ အသုံးချရန်၊
- အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများ ဖော်ထုတ်နိုင်ရေးအတွက် ကုန်စည်စီးဆင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ချောမွေ့အဆင်ပြေရန်၊
- ဝင်ငွေရရှိနိုင်မည့် အခွင့်အလမ်းများ ဖော်ထုတ်၍ စီးပွားရေးနှင့် လူမှုရေး အဆင့်ကွာခြားနေမှုကို လျှော့ချရန်။

စိုက်ပျိုးရေးနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေး

- သက်ဆိုင်ရာ နိုင်ငံများ၏ အခြေခံအဆောက်အအုံများတည်ဆောက်ခြင်း၊ ရှိပြီးသည့် အခြေခံအဆောက်အအုံများကို အဆင့်မြှင့်ခြင်း၊ ပူးပေါင်းကုန်ထုတ်လုပ်ခြင်း၊ ဈေးကွက်များ ရှာဖွေခြင်းနှင့် ဝယ်ယူသုံးစွဲနိုင်မှုအတွက် စီစဉ်ပေးခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သတင်းဖလှယ်ခြင်းစသည်တို့ကို ပြုလုပ်ခြင်းဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး ကြိုးပမ်းအားထုတ်မှုများကို အားဖြည့်မြှင့်တင်ရန်။

သယ်ယူပို့ဆောင်ရေးအဆက်အသွယ်များ

- လေးနိုင်ငံအကြား သယ်ယူပို့ဆောင်ရေးအဆက်အသွယ်များကို မြှင့်တင်အသုံးချသွားရန်၊
- ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ စက်မှုကုန်ထုတ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများ ချောမွေ့အဆင်ပြေစေရန်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း

- လေးနိုင်ငံအကြား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပူးတွဲမဟာဗျူဟာများ ချမှတ်မြှင့်တင်ရန်၊
- လေးနိုင်ငံအကြားတွင်လည်းကောင်း၊ အခြားဒေသများတွင် လည်းကောင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ လွယ်ကူချောမွေ့စေရန်အတွက် ဆောင်ရွက်ရန်။

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး

- လေးနိုင်ငံပြည်သူများနှင့် အဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်ရေး၊ ဒေသအတွင်း စွမ်းဆောင်ယှဉ်ပြိုင်နိုင်စေမည့် လူ့စွမ်းရည်အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံရေးဆွဲရေးတို့ ပါဝင်ခဲ့ပါတယ်။

ဒါတွေဟာ ဆင်းရဲမွဲတေမှု လျော့နည်းပပျောက်ရေး၊ ကမ္ဘာ့ကုန်သွယ်ရေးတွင် စက်မှုဖွံ့ဖြိုးပြီး နိုင်ငံကြီးများရဲ့ လက်ဝါးကြီးအုပ်မှုအောက်က ရုန်းထွက်ရေး၊ စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တည်ငြိမ်အေးချမ်းမှုရှိသော နိုင်ငံရေးအခြေအနေများ ဖြစ်ထွန်းရေး၊ လေးနိုင်ငံအညီအမျှ ဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ အာရှနဲ့ နိုင်ငံတကာ လွတ်လပ်ပွင့်လင်းသော ကမ္ဘာ့ဈေးကွက်ကြီးပေါ်ထွန်းလာရေး၊ လူ့အဖွဲ့အစည်း ရှေ့သို့တက်လှမ်းရေး၊ ဒီမိုကရေစီရေးတို့အတွက် မဖြစ်မနေလိုအပ်တဲ့ စီးပွားရေးခြေလှမ်းသစ်များ ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းလေးနိုင်ငံ ထိပ်သီးအစည်းအဝေး ပုဂံကြေညာချက်အပေါ် အထူးတလည် ကြိုဆိုထောက်ခံလိုက်ရပါတယ်။ ။

နိုဝင်ဘာ ၁၄ရက်က ကျင်းပသော စာကြည့်တိုက်ပညာ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ကျောင်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော် သင်ကြားပို့ချနေစဉ်။

(ပြန်/ဆက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်သားသစ်သင်တန်းဆင်း

ရန်ကုန် နိုဝင်ဘာ ၂၆

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်သားသစ်သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ဝက်ထီးကန် အမှတ်(၂) ရဲလေ့ကျင့်ရေးသင်တန်းစစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့(စီမံရေးနှင့် လေ့ကျင့်ရေး)ဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင် တက်ရောက် အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားသို့ အမှတ်(၂) ရဲလေ့ကျင့်ရေး သင်တန်းကျောင်းအုပ်ကြီး၊ ဒုကျောင်းအုပ်ကြီးနှင့် နည်းပြအရာရှိများ၊ ကျောင်းဆင်းသင်တန်းသားများ၏ မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ သင်တန်း၌ စံပြကျောင်းသားဆုကို ကသ(၈၃)အေးဆွေဦး၊ စစ်ပညာထူးချွန်ဆုကို ကသ(၉၃) ကျော်လီအောင်၊ ဥပဒေထူးချွန်ဆုကို ကသ(၁၅၆) ဝေလင်းလင်းနိုင်၊ ရဲကျင့်ဝတ်ထူးချွန်ဆုကို ကသ(၁၇၉)ဖြိုးဝေကျော်၊ သေနတ်ပစ်ထူးချွန်ဆုကို ကသ(၈၇) ထွန်းထွန်းဝင်းတို့ ရရှိကြပြီး ဆုများကို ညွှန်ကြားရေးမှူး ရဲမှူးကြီး ဝင်းခေါင်က ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

သင်တန်းသို့ သင်တန်းသား ၁၈၅ဦး တက်ရောက်အောင်မြင်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၂၄ပတ် ဖြစ်သည်။ **(က–ပ)**

မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းကိုဆက်စပ်ပေးသည့် ရေးမြစ်ကူးတံတားဖွင့်လှစ်
မော်လမြိုင်-ရေး-ထားဝယ် အထူးရထား မြစ်ကူးတံတားပေါ်မှဖြတ်သန်းခုတ်မောင်းနိုင်ပြီ

ရန်ကုန် နိုဝင်ဘာ ၂၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်ခဲ့သည့် ရေးမြစ်ကူးတံတားဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၇ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်ခရိုင် ရေးမြို့နယ်ရှိ ရေးမြစ်ကူးတံတားအနီးမင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်၍ အမှာစကားပြောကြားပြီး ရေးမြစ်ကူးတံတား မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

မွန်ပြည်နယ် ရေးမြစ်ကူး တံတားကြီးကို ဖွင့်လှစ်အပြီး တွေ့ရစဉ်။ (သတင်းစဉ်)

အစိုးအစဉ်အရနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားသည်။

ထို့နောက်ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက တံတားတည်ဆောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ရေးမြစ်ကူးတံတားတည်ဆောက်ပေးမှုနှင့် ပတ်သက်၍ ဒေသခံ ပြည်သူများကိုယ်စား ရေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်သူရက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ရေးမြစ်ကူးတံတား တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် မြန်မာ့မီးရထားမှ အင်ဂျင်နီယာများ၊ ဝန်ထမ်းများအတွက် ဂုဏ်ပြုလက်ဆောင်များပေးအပ်ရာ အင်ဂျင်နီယာမှူး ဦးလှသွင်က လက်ခံယူသည်။

ဖွင့်လှစ်ပေး

ထို့နောက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ရေးမြစ်ကူးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ရေးမြစ်ကူးတံတား မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ရေးမြစ်ကူးတံတားကို ဖြတ်သန်းကြည့်ရှုကြပြီး ဒေသခံတိုင်းရင်းသားပြည်သူများနှင့်မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မော်လမြိုင်-ရေး-ထားဝယ်အထူးရထားသည်ရေးမြစ်ကူးတံတားပေါ်မှ စတင်ဖြတ်သန်း ခုတ်မောင်းသည်။

မြန်မာ့မီးရထားအနေဖြင့် ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်မှ ယခုဖွင့်လှစ်သည့် ရေးမြစ်ကူးတံတားနှင့် ချဉ်းကပ်ရထားလမ်း အပါအဝင် တံတားကြီး တံတားငယ် စုစုပေါင်း ၃၄၃၅ စင်းကို တည်ဆောက်ခဲ့ပြီး ရထားလမ်းအရှည် စုစုပေါင်း ၁၀၂၂ ဒသမ ၀၁ မိုင်ကို ဖောက်လုပ်နိုင်ခဲ့သည်။

ရေးမြစ်ကူးတံတားသည် မော်လမြိုင်-ရေး-ထားဝယ် ရထားလမ်း၌ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းကို ဆက်စပ်ပေးသည့် တံတားတစ်စင်းဖြစ်သည်။

မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းကို ဆက်စပ်ပေးလျက် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးနှင့်တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရထားနှင့်မော်တော်ယာဉ်နှစ်မျိုးစလုံး သွားလာနိုင်သည့် ရေးမြစ်ကူးတံတားကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်ဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ၂၀၀၁ခုနှစ် ဇူလိုင် ၁၂ရက်တွင်စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၃ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

ရေးမြစ်ကူးတံတား၏ပင်မတံတားအရှည်သည် ၈၅၇ ပေ ၆ လက်မရှိပြီး ရထားလမ်းနှင့် မော်တော်ယာဉ်လမ်းအကျယ် ၁၆ ပေရှိကာ လူသွားလမ်းအကျယ် တစ်ဖက် ၄ ပေစီရှိသည်။

အသုံးပြုထားသည့် တံတားပေါင်များမှာ ၈၅ ပေနှင့် ၅၇ပေ ၃ လက်မအရှည်ရှိ ကြိုတင်အားဖြည့်ကွန်ကရစ်တံတားပေါင်များဖြစ်ပြီး အုတ်မြစ်အမျိုးအစားမှာ Pile Foundation ဖြစ်သည်။

တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ အကျယ်ပေ ၈၀၊ အမြင့် ၁၂ ပေ ၆ လက်မဖြစ်ပြီး ရထားလမ်းခွင့်ပြုတန်ချိန်သည် (ဝန်ရိုးတန်ချိန်-၁၇)တန်ဖြစ်ကာ မော်တော်ယာဉ်လမ်းခွင့်ပြု တန်ချိန်သည် ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

ဆေးနှင့်ဆေးပစ္စည်းစီမံခန့်ခွဲရေးအလုပ်ရုံဆွေးနွေးပွဲဖွင့် ဝန်ကြီးဒေါက်တာကျော်မြင့်တက်ရောက်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၂၆

ကျန်းမာရေးဝန်ကြီးဌာနနှင့် ယူနီဆက်အဖွဲ့တို့ပူးပေါင်းဆောင်ရွက်သည့် ဆေးနှင့်ဆေးပစ္စည်းစီမံခန့်ခွဲရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ စီမံချက်မန်နေဂျာများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra နှင့် ယူနီဆက်အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဒုတိယဌာနေကိုယ်စားလှယ် Ms. Elke Wische က အမှာစကားပြောကြားသည်။

(သတင်းစဉ်)

မဟူရာ(ငမိုးရိပ်ရေကူ)ရေလှောင်တမံတိုင်းမှူးနှင့်ဝန်ကြီးဖဲကြိုးဖြတ်ဖွင့်လှစ်
ငမိုးရိပ်ရေလှောင်တမံစိုက်ပျိုးရေးနှင့် မြို့တော်ရေပေးရေးပိုမိုသိုလှောင်နိုင်မည်

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ပြီးစီးသွားသည့် မဟူရာ(ငမိုးရိပ်ရေကူ) ရေလှောင်တမံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဘွက်ကြီးကျေးရွာအနီးရှိ အဆိုပါ ရေလှောင်တမံ မင်္ဂလာမဏ္ဍပ်၌ကျင်းပသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ လှည်းကူးမြို့နယ်မှ ဒေသခံပြည်သူများကိုယ်စား ဦးကြည်အောင်က မဟူရာ (ငမိုးရိပ် ရေကူ) ရေလှောင်တမံ တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကိုလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို လည်းကောင်း ကျေးဇူးတင်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် မဟူရာ(ငမိုးရိပ်ရေကူ) ရေလှောင်တမံ ဖွင့်ပွဲကို အဆိုပါ ရေလှောင်တမံမုခ်ဦးရှေ့၌ ကျင်းပရာ အထိမ်းအမှတ်မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မဟူရာ (ငမိုးရိပ်ရေကူ)ရေလှောင်တမံကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်တို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့်အတူ ရေလှောင်တမံ၏ ပင်မတမံကိုလည်းကောင်း၊ ရေထိန်းမျှော်စင်နှင့်ရေထုတ်ပြွန်တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မဟူရာ(ငမိုးရိပ် ရေကူ) ရေလှောင်တမံသည် မဟူရာချောင်းကို မြေသားတမံပိတ်၍ တည်ဆောက်ထားရာ တမံအလျား ၆၇၅ ပေ၊ တမံအမြင့်ပေ ၁၀၀၊ ကုန်းကြောတမံ ခုနစ်ခုဖြင့် အလျား ၈၆၅ ပေရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၅၄၀၀၀ ရှိသည်။ မဟူရာ (ငမိုးရိပ် ရေကူ) ရေလှောင်တမံ တည်ဆောက်ခြင်းဖြင့် လက်ရှိ ငမိုးရိပ် ရေလှောင်တမံ၏ ရေသိုလှောင်နိုင်မှုတွင် စိုက်ပျိုးရေးအတွက် ဧကပေ နှစ်သိန်းကျော်နှင့် ရန်ကုန်မြို့တော် ရေပေးရေးအဖြစ် တစ်နေ့လျှင် ရေဂါလန်သန်း ၉၀၊ (၃၂၇)ဧကပေ ပို့လွှတ်မှုကိုထပ်မံတိုး၍ ရေဧကပေ နှစ်သိန်းခန့်ပိုမိုသိုလှောင်နိုင်ရန်ဖြစ်သည်။ ငမိုးရိပ်ချောင်း၏ အထက်ဘက် ရေဆင်းဧရိယာတွင် မဟူရာနှင့် ပေါင်းလင်းချောင်းတို့စီးဝင်လျက်ရှိရာ မဟူရာ (ငမိုးရိပ် ရေကူ) ရေလှောင်တမံအပြင် ပေါင်းလင်း(ငမိုးရိပ်ရေကူ)ရေလှောင်တမံကိုလည်း တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။

မဟူရာ(ငမိုးရိပ်ရေကူ)ရေလှောင်တမံသည် ၁၉၈၈ခုနှစ် နောက်ပိုင်း တည်ဆောက်ဖွင့်လှစ်ခဲ့သော ဆည်၊တာတမံများ အနက် ၁၅၄ခုမြောက် ဖွင့်လှစ်ခဲ့သော ရေလှောင်တမံဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်ရှိ မဟူရာ(ငမိုးရိပ်ရေကူ) ရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

● **အောင်မြင်မှုမှ**

မြန်မာ့ဆေးပညာသမိုင်းတွင် သမိုင်းတွင်ရစ်မည့် ရင်ချင်းဆက်အမြွှာ ခွဲစိတ်ကုသမှု၊ တင်ပါးဆုံချင်းဆက်အမြွှာ ခွဲစိတ်ကုသမှုများ အောင်အောင်မြင်မြင် ခွဲစိတ်ကုသပေးနိုင်ခဲ့သည်မှာ တစ်မျိုးသားလုံး ဂုဏ်ယူဖွယ်ဖြစ်သည်။

ယခုလည်း မြန်မာ့ဆေးပညာ သမိုင်းတွင် မှတ်တိုင်စိုက်ထူနိုင်ဦးမည့် စိန်ခေါ်မှုတစ်ရပ် ထပ်မံပေါ်ပေါက်လာပြန်ပေပြီ။

ယင်းစိန်ခေါ်မှုမှာ မကွေးတိုင်း အောင်လံမြို့နယ် ကလုံမော်ကျေးရွာနေ ဖခင်ဦးတင်မျိုးနိုင်နှင့် မိခင်ဒေါ်ရီရီဝင်းတို့၏ ရင်နှစ်သည်းချာ ရင်ချင်းဆက် အမြွှာညီအစ်မဖြစ်သည်။

ဘောဂီရီရီဝင်း ရင်ချင်းဆက်အမြွှာ ညီအစ်မကို နိုဝင်ဘာ ၂၁ ရက် နံနက် ၇နာရီ ၃၅ မိနစ်က ပြည်မြို့ ရွှေဆံတော် မြောက်စောင်းတန်းလမ်းရှိ မျိုးသုခဆေးခန်း၌ သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာဝင်းကို၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်လှလှ၊မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာစိန်လှိုင်၊ လက်ထောက်ဆရာဝန် ဒေါက်တာဒေါ်ခင်ဌေးကြည်နှင့် သူနာပြုဆရာမများက အောင်မြင်စွာ ခွဲစိတ်မွေးဖွားသန့်စင်ပေးခဲ့ကြသည်။

ဘောဂီရီရီဝင်း အမြွှာညီအစ်မ၏ ရင်ချင်းဆက်ပုံမှာ ရင်ညွန့်မှ ဆီးစပ်အထိ တောက်လျှောက်ဆက်စပ်နေသော တကယ့်ရင်ချင်းဆက် အမြွှာဖြစ်သည်။ အမြွှာညီအစ်မ၏ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတွေ အားလုံး ပြည့်ပြည့်စုံစုံပါရှိပြီး ကိုယ်အလေးချိန်မှာ ခုနစ်ပေါင်ခန့်ဖြစ်သည်။ အမြွှာညီအစ်မတွင် ထူးထူးခြားခြား ကြီးကြီးမားမား ရောဂါရှာဖွေမတွေ့ရသော်လည်း လမစေ့၊ ပေါင်မပြည့် ကလေးများဖြစ်၍ ရန်ကုန်ကလေးဆေးရုံကြီး အထူးကြပ်မတ် ကုသဆောင်တွင် ပြုစုစောင့်ရှောက်ထားရသည်။

မွေးကင်းစကာလတွင် ပိုးမွှားကင်းစင်ပြီး ရောဂါထပ်မံမရရှိရေးနှင့် အစာရေစာရရှိရေး၊ ဖွံ့ဖြိုးကြီးထွားကျန်းမာရေးအတွက် ဆေးရုံအုပ်ကြီး ဒေါက်တာမြသိမ်း ဦးဆောင်သော တာဝန်ခံ အထူးကုဆရာဝန်ကြီးများက အချိန်မလပ် စောင့်ကြပ်ကြည့်ရှုကုသပေးနေရာ ကလေးများ၏ ကျန်းမာရေးအခြေအနေမှာ အထူးကောင်းမွန်လျက်ရှိသည်။ ကလေးများ၏ မိခင်ဒေါ်ရီရီဝင်းမှာ ခွဲစိတ်မွေးဖွားထားရ၍ လောလောဆယ် ကလေးများနှင့်အတူမရှိဘဲ ပြည်မြို့၌ပင် ကျန်ရစ်နေသေးကြောင်းသိရသည်။

ဘောဂီရီရီဝင်းတို့ ညီအစ်မ မွေးဖွားသည့်နေ့မှာပင်

ယခုအခါ ရင်ချင်းဆက်ခြင်းမှာ ရင်ညွန့်မှဆီးစပ်အထိ တောက်လျှောက်ဆက်နေသည်မို့ တကယ့်ရင်ချင်းဆက် အမြွှာညီအစ်မ ပီသပါပေသည်။
(ဓာတ်ပုံမှတ်တမ်းတင်-တင်စိုး၊ မြန်မာ့အလင်း)

၎င်းတို့၏ ထူးခြားဖြစ်စဉ်ကြောင့် ရန်ကုန်ကလေးဆေးရုံကြီးသို့ တိုက်ရိုက် ပေးပို့လွှဲပြောင်း ကုသခံယူနေကြောင်း သတင်းရရှိသည်နှင့် ကျန်းမာရေးဝန်ကြီးကိုယ်တိုင် ရောက်ရှိလာပြီး ကြီးကြပ်လမ်းညွှန်မှုများပြုကာ အမြွှာညီအစ်မအတွက် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှု စနစ်တကျ

ပေးနိုင်ရေးအတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော ကုသရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ထားသည်။

ကုသရေးအဖွဲ့တွင် ဆေးရုံအုပ်ကြီးဒေါက်တာ မြသိမ်းခေါင်းဆောင်ပါဝင်ပြီး အဖွဲ့ဝင်များအဖြစ် ပါမောက္ခ ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာ ထူးဟန်၊ ပါမောက္ခ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ

ကလေးကျန်းမာရေးက ခုချိန်အထိ ကောင်းနေ၍ လောလောဆယ်စိုးရိမ်စရာမရှိပေ၊ ကလေးကျန်းမာရေးအတွက် ကုသရေးအဖွဲ့ ဖွဲ့စည်းပြီး စနစ်တကျစောင့်ကြပ်ကုသပေးလျက်ရှိသည်။
ဒေါက်တာမြသိမ်း
(ရန်ကုန်ကလေးဆေးရုံအုပ်ကြီး)

သိန်းအောင်၊ ပါမောက္ခ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာမြမြအုန်း၊ ပါမောက္ခ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာခင်ထွေး၊ပါမောက္ခ ကလေးနှလုံးအထူးကုဆရာဝန်ကြီး ဒေါက်တာလှမြင့်ထွန်း၊ ဓာတ်မှန်အထူးကုဆရာဝန်ကြီး ဒေါက်တာကျော်မြင့်၊ ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီးဒေါက်တာအေးအေး၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာအေးသောင်း၊ ရောဂါဗေဒအထူးကုဆရာဝန်ကြီး ဒေါက်တာတင်ထားနွယ်၊ မေ့ဆေးအထူးကုဆရာဝန် ဒေါက်တာကျော်ကျော်စိုး၊ ကလေးအထူးကုဆရာဝန် ဒေါက်တာကျော်ဇင်ဝေ၊ သူနာပြုအုပ် ဒေါ်နုနုကြည်

ဘောဂီရီရီဝင်းတို့ ရင်ချင်းဆက်အမြွှာညီအစ်မကို ကလေးဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်တွင် ခေတ်မီကိရိယာများဖြင့် ကျန်းမာရေးဝန်ထမ်းများ အခါမလပ်စောင့်ကြပ်ပြုစုကုသမှု ပေးလျက်ရှိသည်။
(ဓာတ်ပုံမှတ်တမ်းတင်-တင်စိုး၊ မြန်မာ့အလင်း)

တို့ပါဝင်ကြသည်။ အဖွဲ့အတွင်းရေးမှူးအဖြစ် ဒုတိယဆေးရုံအုပ် ဒေါက်တာအေးမြစိုးက ဆောင်ရွက်ကာ ဘောဂီရီရီဝင်းတို့ အမြွှာညီအစ်မကို ဂရုတစိုက်စောင့်ကြပ်ကုသပေးလျက်ရှိကြောင်းသိရသည်။

မြန်မာခွဲစိတ်ကုသသမားတော်များမှာ ရင်ချင်းအမြွှာ ခွဲစိတ်ကုသမှုကို ၁၉၇၁ ခုနှစ် မနန်းစိုး၊ မနန်းစံမှသည် ၁၉၉၃ ခုနှစ် အေးအေးငြိမ်း၊ အိအိငြိမ်း ညီအစ်မအလယ်၊ ၂၀၀၂ ခုနှစ် မိုးမမောင်နှင့် မိုးပပအောင်အထိ သုံးကြိမ်တိုင်တိုင် အတွေ့အကြုံရရှိကာ ခွဲစိတ် အောင်မြင်မှုသမိုင်းတွင် မှတ်တိုင်ခိုင်ခိုင်စိုက်ခဲ့ပြီးဖြစ်သည်။ ယခုဘောဂီရီရီဝင်းတို့ ညီအစ်မတွင်လည်း မော်ကွန်းတင်ရစ်မည့် ခွဲစိတ် အောင်မြင်မှုသမိုင်းမှတ်တိုင်ကို ခိုင်ခိုင်စိုက်ထူကြဦးမည်ဟု မျှော်လင့်ယုံကြည်မိပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူရှင်များကအလှူငွေ၊မော်တော်ယာဉ်နှင့်ခုတင်များလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင်အလှူရှင်များက အလှူငွေ၊ မော်တော်ယာဉ်နှင့် ခုတင်များပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာကြည်စိုးနှင့် ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင် ရွှေသံလွင်ထရေးဒင်းကုမ္ပဏီလီမိတက်မှ ဦးသိန်းဝင်း၊ ဇနီး ဒေါ်နီမိသားစုက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လုပ်ငန်းများတွင် အသုံးပြုရန် မော်တော်ယာဉ်လေးစီးနှင့် လူနာခုတင်အလုံး ၅၀၊ တမ္ဗဒီပ ဆောက်လုပ်ရေးလုပ်ငန်း အဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် သီရိသုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်စိန်စိန်မိသားစုက ငွေကျပ် ၁၀ သိန်း၊ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ မိခင်ကြီးဒေါ်ခင်နွဲ့ရီ အမှူးပြုလျက်သား ဒေါက်တာတင့်စိုးလင်း၊ သမီး ပွင့်မာခိုင် ညီအစ်ကိုမောင်နှမ ရွှေပုစွန်မိသားစုက ငွေကျပ်သိန်း ၃၀ တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်းဦးစီးဌာန နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ရင်ခွင်မဂ္ဂဇင်းထုတ်ဝေ

ရန်ကုန် နိုဝင်ဘာ ၂၆

လူမှုဝန်ထမ်းဦးစီးဌာန နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ထုတ်ဝေသည့် ရင်ခွင်မဂ္ဂဇင်းကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါ မဂ္ဂဇင်းတွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၏ ဥယျောဇဉ်၊ မောင်ဆုရှင်၊ ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာကျော်စိန်၊ ဒေါက်တာသက်လွင်၊ ချစ်စံဝင်း၊ ရဲထွတ်နီ၊ ချစ်နိုင်(စိတ်ပညာ)၊ ကိုစစ်(လူမှု)၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ စောမုံညင်း၊ မမြတ်လေးတို့၏ဆောင်းပါးများ၊ မောင်မြင့်ကြွယ်၊ ဆင်ဖြူကျွန်း အောင်သိန်း၊ ရေနံမြေမောင်မောင်ကြည်၊မောင်မိုးယံ၊ ရွှေသဥ္ဇာ၊ ယုဝတီခင်စိန်လှိုင်၊ မစန္ဒာ၊ ကြူကြူသင်းတို့၏ ဝတ္ထုတိုများနှင့် ကဗျာ၊ ဓာတ်ပုံကဏ္ဍများ စုံလင်စွာ ဖော်ပြပါရှိသည်။ ယင်းမဂ္ဂဇင်းစာအုပ်ကို တစ်အုပ်လျှင် ငွေကျပ် ၉၀၀ ဖြင့် လူမှုဝန်ထမ်းဦးစီးဌာနရုံးချုပ် အမှတ်

(၆၄)ကမ္ဘာအေးစေတီလမ်း ရန်ကုန် ဖုန်း-၆၆၂၅၉၀၊၆၆၂၅၈၆တွင်ဝယ်ယူနိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်နေသော အရည်အသွေးမြင့်မားသည့်စက်ရုံများ

အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်ရာတွင် နိုင်ငံတော်ပိုင်စက်ရုံများကို ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် အရည်အသွေးမြင့်မားသည့်ကုန်ပစ္စည်းများ၊ နိုင်ငံတော်အတွက် သွင်းကုန်အစားထိုးကုန်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံသစ် အကြီး၊အလတ်၊အသေးပေါင်း ၂၅၇ ခုကို တည်ထောင်ဖွင့်လှစ်ပေးခဲ့သည်။ ထို့ကြောင့် ၁၉၈၈ ခုနှစ်ကာလက နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် စက်ရုံပေါင်း ၂၇၄၃၀ ခုရှိရာမှ ယခုအခါ စက်ရုံပေါင်း ၅၁၉၈၀ ခုရှိနေပြီဖြစ်သည်။ ထိုသို့ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်ကြီးကို ခေတ်မီတိုးတက်သည့် စက်မှုနိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်ပိုင်ရော၊ ပုဂ္ဂလိကပိုင်ကဏ္ဍကိုပါ တစ်စတစ်စ တိုးမြှင့်တည်ထောင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စက်မှုကဏ္ဍမြှင့်တင်ရေး ကြိုးပမ်းချက်များဖြစ်သည်။

(မြန်မာ့အလင်း)



မြန်မာနိုင်ငံရှိ ဆေးရုံများနှင့် စက်မှုလုပ်ငန်းများတွင် အသုံးပြုသည့် ဓာတ်ငွေ့များဖြစ်သော အောက်စီဂျင်၊ နိုက်ထရိုဂျင်နှင့် အက်စတလင်းဓာတ်ငွေ့များကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သံလျက်စွန်းတွင်ရှိသည့် အမှတ်(၁) ဓာတ်ငွေ့စက်ရုံက ထုတ်လုပ်ပေးလျက်ရှိရာ စက်ရုံ၏ ဓာတ်ငွေ့ထုတ်လုပ်ပေးသော စက်ကြီး။



ပုသိမ်မှန်စက်ရုံ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော တည်ဆောက်မှုလုပ်ငန်းများတွင် လိုအပ်သည့် မှန်အမျိုးမျိုးကို ထုတ်လုပ်ပေးလျက်ရှိရာ ပုသိမ်မှန်စက်ရုံ၏ ပင်မအဆောက်အအုံ။



ရေနံဓာတ်ငွေ့ရည်အိုးခွံအလုပ်ရုံ

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနက တည်ဆောက်ပြီးစီးခဲ့သည့် ရေနံဓာတ်ငွေ့ရည်အိုးခွံအလုပ်ရုံမှ မီးဖိုချောင်သုံး ၁၂ ကေဂျီနှင့် ၁၉ ကေဂျီ ရေနံဓာတ်ငွေ့ရည်အိုးခွံများကို တစ်နှစ်လျှင် အလုံး၅၀၀၀၀ ထုတ်လုပ်ပေးလျက်ရှိသည်။

မြန်မာ P.G.A နှင့် ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားဂေါက်သီးရိုက်ပြိုင်ပွဲဆက်

ရန်ကုန် နိုဝင်ဘာ ၂၆

Myanmar P.G.A နှင့်မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော မြန်မာ–ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၀၃ (Myanmar Golf Tour 2003)၏ စတုတ္ထပွဲစဉ်Myanmar P.G.Aနှင့်မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် ပဲခူးမြို့နယ်ရှိ Hanthawaddy Golf And Country Club၌ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ ဒုတိယနေ့ (၁၈)ကျင်းကစားအပြီး၌ Professional Golfers ပြိုင်ပွဲတွင် မြင့်ရွှေ(Wilson)က သတ်မှတ်ရိုက်ချက်ထက်သုံးချက်လျော့ရိုက်ပြီး ၇၁+၆၉ပေါင်း အချက် ၁၄၀ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဇော်ဇော်လတ်(Pan-West)က ၆၈+၇၄ပေါင်း ၁၄၂ချက်ဖြင့်ဒုတိယ၊ လက်ရှိချန်ပီယံစိုးကျော်နိုင် (Pan-West)က ၇၀+၇၃ပေါင်း ၁၄၃ချက်ဖြင့်တတိယနှင့်အောင်ဝင်း(Y.C.D.C)က ၇၁+၇၃ပေါင်း ၁၄၄ချက်ဖြင့် စတုတ္ထလိုက်နေကြသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် ဇော်ဇော်ဝင်းက ၇၂+၇၃ပေါင်း ၁၄၅ချက်ဖြင့်ဦးဆောင်ကစားလျက်ရှိသည်။

ယဉ်အောင်လတ်က ၇၄+၇၂ ပေါင်း ၁၄၆ချက်ဖြင့် ဒုတိယ၊ မျိုးမင်းအောင်က ၇၄+၇၃ပေါင်း ၁၄၇ချက်ဖြင့်တတိယနှင့်အောင်အောင်ကျော်က ၇၂+၇၆ပေါင်း ၁၄၈ချက်ဖြင့် စတုတ္ထလိုက်နေကြသည်။

မြန်မာ–ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထ ပွဲစဉ် ဥက္ကဋ္ဌ ဖလား Professional Golfers ပြိုင်ပွဲတွင် ဦးဆောင်ကစားလျက် ရှိသော မြင့်ရွှေ (Wilson) ယှဉ်ပြိုင်စဉ်။

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)



အမျိုးသမီးအပျော်တမ်း ပြိုင်ပွဲ၏ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီး အကျော့မဲ့(Scratch)ပြိုင်ပွဲ၌ လက်ရှိချန်ပီယံခင်ခင်သူ(Y.C.D.C)က ၇၇ ချက်ဖြင့်ဦးဆောင်ကစားလျက်ရှိသည်။

ခင်မာညွန့်က၇၉ချက်ဖြင့်ဒုတိယနှင့်မြင့်မြင့်သိန်းနှင့်ဆွေဆွေဝင်းတို့ က ၉၁ချက်စီဖြင့်တတိယလိုက်နေကြသည်။

ယင်းပြိုင်ပွဲကို Main Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte.,Ltd.က တာဝန်ယူပြီး Official Air Lineအဖြစ် Air Mandalay ကလည်းကောင်း၊ Official Sports Wear အဖြစ် Grand Slam(Munsing Wear)က လည်းကောင်း၊Official Drinking Waterအဖြစ် Loi-Hein(Alpine) ကလည်းကောင်း၊ Official Golf Equipment Supplierအဖြစ် K.M Golf Centre Maruman နှင့် Wilson တို့က လည်းကောင်း၊ Official Office Equipment Supplier အဖြစ် Canon က လည်းကောင်း၊ Official Paint Supplierအဖြစ် U.P.Gက လည်းကောင်း၊ Hole-In-Oneဆုကို Sun Far Travels And Tourက လည်းကောင်း၊ Pan-West နှင့် Eastern Proenterprise Ltd. တို့က လည်းကောင်း အသီးသီးပံ့ပိုးကူညီပေးကြသည်။

စတုတ္ထပွဲစဉ် ဥက္ကဋ္ဌဖလားဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေး (Organized By Han Event Management)က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

တတိယနေ့အမျိုးသား (၁၈)ကျင်း ပြိုင်ပွဲနှင့်အမျိုးသမီးဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲများကိုနိုဝင်ဘာ၂၇ရက် နံနက်၈နာရီတွင်ယင်းနေရာ၌ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ချမ်းမြေ့အေးဓမ္မာရုံ မဟာစည်တရားစခန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်တိုင်း ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ၅ရပ်ကွက်၊ ချမ်းမြေ့အေးဓမ္မာရုံကြီးတွင် ဒီဇင်ဘာ ၇ရက်မှစ၍ မဟာစည် ၁၀ရက်တရားစခန်းဖွင့်မည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဒုဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြည်တွင်း၊ပြည်ပ မဟာစည်နာယက ဘဒ္ဒန္တကောသလ(သရက်)ဆရာတော်ကြီးကတရားစခန်းဖွင့်လှစ်၍အေးမြချမ်းသာမဟာစည်ရိပ်သာဓမ္မကထိက ဇဟုဇနဟိတဓရ ဘဒ္ဒန္တသီရိဓမ္မ (ဘီအေပါဠိဂုဏ်ထူး)ဆရာတော်နှင့်ပြည့်စုံအေးတောင်ငူဆရာတော်စသောမဟာစည်ကမ္မဋ္ဌာနာစရိယဓမ္မကထိကဆရာတော်များကဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းမတည်အလှူရှင် ဦးဝင်းသိန်းနှင့်တူမဒေါ်အေးတင့်တို့က လည်းကောင်း၊ ချမ်းမြေ့အေး ဂေါပကအဖွဲ့နှင့်ကုသိုလ်ရှင်များကလည်းကောင်း စရိတ်ငြိမ်းအားထုတ်ရန်လှူဒါန်းမည်ဖြစ်ရာ ယောဂီ ၅၀လက်ခံမည်ဖြစ်၍ ကြိုတင် စာရင်းပေးနိုင်ရန် ဖုန်း–၅၈၁၀၄၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

ဝေဒပညာသင်တန်းပို့ချမည်

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့၏ (၂၁)ကြိမ်မြောက် တိုင်းနှင့်ပြည်နယ်ဝေဒပညာသင်တန်းကို ဒီဇင်ဘာ ၂၅ ရက်မှ ဇန်နဝါရီ ၃ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မြန်မာ့ရိုးရာယဉ်ကျေးမှုဆိုင်ရာ ပညာစစ်ပညာမှန် တည်တံ့ပြန့်ပွားထွန်းကားစေလိုသောရည်ရွယ်ချက်ဖြင့် အခမဲ့ပို့ချမည်ဖြစ်သည်။ ပညာရပ်များအနေဖြင့် တြိစက္ကဇာတာတွက်နည်း၊ သီရိပတိဇာတာတွက်နည်း၊ အခြေခံအဟောပညာ၊ နိုင်ငံတကာအဟောပညာရပ်များကို ဗဟန်းလမ်းမကြီး၊ ဗဟန်း(၁)လမ်းထိပ်ရှိ မြန်မာ့သီရိလင်္ကာ ဓမ္မဗိမာန်တွင် ပို့ချမည်ဖြစ်ရာသင်တန်းတက်ရောက်လိုသူများသည် မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့ရုံးခန်း အမှတ် ၁၇၁ မြေညီထပ် ၂၈ လမ်းအထက် ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၇၇၈၈၃ သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်းသိရသည်။ (က–ပ)



မေဝါ၏ကလဲ့စား ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၆

စာရေးဆရာကြီး ဒဂုန်ရွှေမျှား ဘာသာပြန်သော 'မေဝါ၏ကလဲ့စား'စာအုပ်ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း အမှတ်၁၅၃၊ ၅(က)လွှာ၊ Quality Publishing House စာအုပ်တိုက်၊ ဖုန်း–၇၀၆၄၁၄၊ ၇၂၁၀၆၇ က တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ဝဲပုံ) (က–ပ)**

မြန်မာ – တရုတ် ချစ်ကြည်ရေးတင်းနစ်လက်ရည်စမ်းပွဲ တတိယနေ့အပြီးသတ်ပွဲစဉ်များဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာ–တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးတင်းနစ်လက်ရည်စမ်းပွဲ တတိယနေ့အပြီးသတ်ပွဲစဉ်များကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ဆက်လက်ကျင်းပရာ အမျိုးသားအမျိုးသမီးနှစ်ယောက်တွဲ ပွဲစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Yang Jing Zhu နှင့် Na Wei တို့အတွဲနှင့် မြန်မာနိုင်ငံမှ ခင်မောင်ဝင်းနှင့် အေမီထွန်းတို့အတွဲ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Li Can နှင့် Ma Jiang Ling တို့အတွဲနှင့် မြန်မာနိုင်ငံမှ ဇော်ဇော်လတ်နှင့် ချစ်စုရည်တို့အတွဲ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Chen Xin နှင့် Jiang Ting တို့အတွဲနှင့် မြန်မာနိုင်ငံမှ မင်းမင်းနှင့်ကြည်မြဇော်တို့အတွဲ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Tan Hai Yun နှင့် Ding Ying တို့အတွဲနှင့် မြန်မာနိုင်ငံမှ တူးမော်နှင့်မိုးချစ်သဲတို့ အတွဲ၊ အမျိုးသားတစ်ဦးချင်းပွဲစဉ်အဖြစ်တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Li Can နှင့် မြန်မာနိုင်ငံမှတူးမော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Tan Hai Yun နှင့် မြန်မာနိုင်ငံမှ ဇော်ဇော်လတ်တို့သည် ချစ်ကြည်ရေးလက်ရည်စမ်းပွဲစဉ်များ အသီးသီးယှဉ်ပြိုင်ကစားကြသည်။ **(သတင်းစဉ်)**



မြန်မာ–တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးတင်းနစ်လက်ရည်စမ်းပွဲ တတိယနေ့အပြီးသတ်ပွဲစဉ်တွင် အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲ လက်ရည်စမ်းယှဉ်ပြိုင်ကြစဉ်။ (သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၃၈၉)ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၆

လူလတ်တန်းစားတို့အတွက် ရွှေအင်ကြင်းရိပ်မွန်အိမ်ရာ၊ ကိုရီးယားဇာတ်လမ်းတွဲများနှင့် ပတ်သက်၍ သူတို့အမြင်၊အောက်ဆီဂျင်စစ်ထုတ်ပေးသည့်စက် ဈေးကွက်ဝင်ပြီ၊ အပြည်ပြည်ဆိုင်ရာဈေးပွဲတော်၊ မျက်စိ ကွမ်းရွက်ကပ်ခြင်းနှင့် ပတ်သက်သည့် အိတ်ဖွင့်ပေးစာ၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မြန်မာအဖွဲ့ယှဉ်ပြိုင်ပုံ အချို့ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်မည်၊ ကမ္ဘာ့အကြီးဆုံးအရှည်ဆုံးလူစီး ဇိမ်ခံသင်္ဘောကြီး ကုန်းပေါင်ကျိုးကျစသည့် ပြည်တွင်းပြည်ပသတင်းများ၊ သတင်းဆောင်းပါးများဖြင့် ပြည်မြန်မာသတင်းဂျာနယ်အမှတ်(၃၈၉)ကို ပုဇွန်တောင်၊ရေကျော်လမ်း၊အမှတ်(၉)၊ သုတစွယ်စုံစာအုပ်တိုက်က ဖြန့်ချိသည်။ **(အပေါ်ပုံ)** **(က–ပ)**

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ တံခွန်နှင့်ဆောက်လုပ်ရေး ဂိုးမရှိသရေကျ

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃–၂၀၀၄ ခုနှစ်ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီတွင်ဆက်လက်ကျင်းပရာ တံခွန်အသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲဂိုးမရှိသရေပွဲဖြစ်သွားသည်။

ကွင်းဖွင့်ဘောလုံးပြိုင်ပွဲတွင် အုပ်စုပွဲစဉ်၌ ဆုံတွေ့ခဲ့သောနှစ်သင်း ပြန်လည် ဆုံတွေ့ခြင်းဖြစ်၍ အကြိတ်အနယ်ရှိခဲ့သည်။ ကွင်းဖွင့်ဖလားပြိုင်ပွဲတွင် ဆောက်လုပ်ရေးအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိထား၍ တံခွန်အသင်းက ရှုံးကြေးဆပ်နိုင်ရေးအတွက် ခြေကုန်ထုတ်ကစားသော်လည်း သရေနှင့်ကျေနပ်လိုက်ရသည်။

ဆောက်လုပ်ရေးအသင်းတွင် လက်ရွေးစင်အသင်းမှ လာကျဲအိုလွယ် မပါဝင်သလို တံခွန်အသင်းတွင်လည်း အသက်(၁၇)နှစ်အောက်အာရှလူငယ်ခြေစစ်ပွဲဝင် မြန်မာလူငယ်အသင်းမှ အားကစားသမားခြောက်ဦးမပါဝင်ဘဲ ယှဉ်ပြိုင်ကစားခဲ့ရခြင်းဖြစ်သည်။ယနေ့ပွဲအတွက် ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို တံခွန်အသင်းမှ ဟန်ဝင်းအောင်ကရရှိသည်။

နိုဝင်ဘာ ၂၄ ရက်တွင် ယှဉ်ပြိုင်ကစားသော ပို့ဆောင်ရေးအသင်းနှင့် လယ်/ဆည်အသင်းပွဲစဉ်တွင် ပို့ဆောင်ရေးအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို ပို့ဆောင်ရေးအသင်းမှ မောင်မောင်မြင့်ရရှိသည်။

သရေပွဲဖြစ်

နိုဝင်ဘာ ၂၅ ရက်တွင် ယှဉ်ပြိုင်ကစားသော ကာကွယ်ရေးအသင်းနှင့်တပ်မတော်(ကြည်း)အသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို ကာကွယ်ရေးအသင်းမှ သက်နိုင်ကရရှိသည်။

ယနေ့ပွဲ

နိုဝင်ဘာ ၂၇ ရက်(ယနေ့) ညနေ ၃ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌စွမ်းအင်အသင်းနှင့်ပတ္တမြားနဂါးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဒါတွေကိုသိဖို့လိုတယ်

❖ မြောက်တိုင်းလည်း မမြောက်နဲ့

❖ ခြောက်တိုင်းလည်း မကြောက်နဲ့

❖ ချော့တိုင်းလည်း မပျော့နဲ့

ပန်နာဆိုးနစ်ခရစ္စမတ်အကြိုဈေးရောင်းပွဲ

ရန်ကုန် နိုဝင်ဘာ ၂၆

ဟန်မြန်မာအီလက်ထရွန်နစ်၏ ပန်နာဆိုးနစ်ခရစ္စမတ်အကြို အထူးဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ မြေနီကုန်း ဒဂုံစင်တာ ပထမထပ်တွင် နိုဝင်ဘာ ၂၉ ရက် (စနေနေ့)နှင့် ၃၀ ရက် (တနင်္ဂနွေနေ့)နှစ်ရက်တိုင်တိုင် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အထူးဈေးရောင်းပွဲတော်တွင် မြန်မာနိုင်ငံနှင့် အထူးသင့်လျော်သော NTSC စနစ်တိုက်ရိုက်ထွက် ၂၀၀၃ မော်ဒယ် နောက်ဆုံးပေါ် ဒစ်ဂျစ်တယ်ဗီဒီယို ကင်မရာနှင့် ဓာတ်ပုံကင်မရာများကို အံ့သြဖွယ်ရာ အထူးဈေးနှုန်းများ၊ နှစ်လိုဖွယ်ရာ မေတ္တာလက်ဆောင်များဖြင့် ရောင်းချပေးမည်ဖြစ်ရာ ဖုန်း–၂၈၉၉၈၂၊ ၂၅၆၂၀ သို့ ဆက်သွယ်နိုင်သည်။ ထို့ပြင် Nwe Ultra Powerful VCD Audio Hifi များ၊ Plasma Display, Home Theatre System များနှင့် အခြားပန်နာဆိုးနစ်အဆင့်မြင့် ရုပ်သံပစ္စည်းများကို ခရစ္စမတ်အထူးဈေးနှုန်း၊ ထပ်ဆင့်မေတ္တာ လက်ဆောင်များစွာတို့ဖြင့် ရောင်းချပေးမည့်အပြင် ကြွရောက်လေ့လာသူများအတွက်ထူးခြားသည့် အစီအစဉ်များနှင့် ခရစ္စမတ် အမှတ်တရ လက်ဆောင် ပစ္စည်းများလည်း ချီးမြှင့်မည်ဟုသိရသည်။

(က–ပ)

ပညာပါရမီ ဖြည့်စွမ်းသူများ

၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များနှင့်ပတ်သက်၍ ပြောကြားရာတွင် **"နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်သည်နှင့် အမျှ ရရှိဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို အနာဂတ်ကာလတိုင် ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဘက်စုံ၊ ကဏ္ဍစုံမှ ပေါ်ထွန်းလာစေရေးအတွက် ပြုစုပျိုးထောင်ရေးသည် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အရေးအပါဆုံး အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ ထို့အတူ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ရာတွင် စာကြည့်တိုက်များ၏ အခန်းကဏ္ဍသည် အရေးပါအရာရောက်လျက်ရှိသည်။ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် နိုင်ငံနှင့်လူမျိုးအတွက် သုတ၊ ရသ စာပေများ ပေးစွမ်းနိုင်သော ပညာဘဏ်တိုက် စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာတွင် ယခုအခါ ခရိုင်နှင့် မြို့နယ်အပါအဝင် ၃၀၉ရုံးနှင့် ဒေသရုံး ၄၁ ရုံးတွင် စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။ ထိုသို့ ဖွင့်လှစ်ရေးအတွက် စေတနာရှင်အလှူရှင်များ၏ ကူညီပံ့ပိုးမှုကြောင့် စာကြည့်တိုက်များ၏ အောင်မြင်မှုအသီးအပွင့်များ ဝေဖြာလျက်ရှိသည်။

ယနေ့အထိ ရပ်ကွက်၊ ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထူထောင်လျက်ရှိသည်မှာလည်း စာကြည့်တိုက်ပေါင်း ၁၆၁၉ခု ရှိပြီဖြစ်ပေသည်။ ကျေးလက်ဒေသနှင့် နယ်စပ်ဒေသများပါမကျန် အသိပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည်မှာလည်း အမျိုးသားရေး ကြိုးပမ်းမှုတစ်ရပ်ပင် ဖြစ်သည်။

အလိမ္မာ စာမှာရှိ၊ စာအုပ်စာပေ လူ့မိတ်ဆွေ၊ ပညာရွှေအိုး လူမခိုးစသည့် စကားပုံများအတိုင်း အသိပညာကြွယ်ဝမှသာ အမှားအမှန်ကို ခွဲခြားသိမြင်နိုင်မည် ဖြစ်သည်။ စာအုပ်စာပေသာလျှင် မိတ်ဆွေဖြစ်သည်။ အသိပညာဆိုသည့် ပညာရွှေအိုးကိုလည်း မည်သူမျှခိုးယူ၍ မရနိုင်ပါ။ အသိပညာသည် တန်ဖိုးဖြတ်၍ မရနိုင်သလို လေ့လာဆည်းပူး၍လည်း မကုန်ခန်းနိုင်ပါ။

ထို့အတူ စာကြည့်တိုက်များ ထူထောင်ထားခြင်းသည် ပြည်သူ့အတွက်ဖြစ်သည့်အလျောက် ပြည်သူ့စာကြည့်တိုက်များလည်းဖြစ်သည်။ စာကြည့်တိုက်များကို ဖွင့်လှစ်ထားရှိရခြင်း၏ ရည်ရွယ်ချက်မှာ ကျေးလက်ဒေသအပါအဝင် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများပါ မကျန် စာပေမှ ရရှိနိုင်သော သုတ၊ ရသစာပေ၏ အကျိုးကျေးဇူးများ ရရှိစေရန် စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့တွင် အမြင်ကျယ်၍ ပညာကို အမြဲထိတွေ့ဆည်းပူးနေသော ပြည်သူလူထုဖြစ်မှသာလျှင် ၂၁ရာစုခေတ်၏ အလွန်လျင်မြန်သော တိုးတက်နေသော ကမ္ဘာကို ရင်ပေါင်တန်းနိုင်မည်ဖြစ်သည်။

စာကြည့်တိုက်ဆိုသည်မှာ အသိပညာဗဟုသုတ ဖြန့်ဖြူးပေးရာဌာန၊ အသိပညာဗဟုသုတ ရယူနိုင်သောနေရာ ပညာလိုလားသူတို့ လွတ်လပ်စွာ ပညာရှာဖွေနိုင်သဖြင့် ပညာဘဏ်တိုက်စာကြည့်တိုက်ဟုလည်း တင်စားခေါ်ဆိုနိုင်သည်။ မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ရန် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ထိုသို့ ကြိုးပမ်းတည်ဆောက်ရာတွင် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးနှင့် လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားရေးကို အလေးအနက်ထား ဆောင်ရွက်နေသည်။

ထိုသို့ဆောင်ရွက်ရာတွင် နယ်စပ်ဒေသပါမကျန် ကျေးလက်နေပြည်သူများ အသိပညာကြွယ်ဝမှသာလျှင် အောင်မြင်မှုများရရှိနိုင်မည်။ ထို့ကြောင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဖွင့်လှစ်ထားရှိသော စာကြည့်တိုက်များ၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် သုတ ရသ စုံလင်သော စာအုပ်များကို ဖြည့်ဆည်းသွားရန်အထူးလိုအပ်လှသည်။ ထိုနည်းအတူ ကျေးရွာစာကြည့်တိုက်များကိုလည်း စနစ်တကျထူထောင်နိုင်ရန်လည်း အရေးကြီးသည်။

လူ့ဘဝတွင် အသိပညာသည် အသက်သွေးကြောပမာ အရေးကြီးလှသည်။ အသိပညာရှိမှသာ အမှားအမှန်ကိုဝေဖန်ပိုင်းခြားနိုင်သည့် အတွေးအခေါ်များ ရှင်သန်မည်ဖြစ်သည်။ ထိုသို့ အသိပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်များတွင် စီးပွားရေး၊ ပညာရေး၊ လူမှုရေးတို့အတွက် အထောက်အကူပြုနိုင်မည့် စာကောင်းပေမွန်များ ဖြည့်ဆည်းရန်လည်း အထူးလိုအပ်လှသည်။

လိုအပ်လျက်ရှိသော စာအုပ်များကို ပညာပါရမီ ဖြည့်စွမ်းသူများမှာ စာအုပ်အလှူရှင်များပင်ဖြစ်သည်။ စေတနာ၊ သဒ္ဓါတရားထက်သန်စွာဖြင့် သုတ ရသ စာအုပ်များ လှူဒါန်းကြသူများကို စက်တင်ဘာ ၃၀ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။ (၅၆)ကြိမ်မြောက် စာအုပ်လှူဒါန်းပွဲလည်းဖြစ်သည်။ အလှူရှင်များ၏ စေတနာကို အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုလွှာအပ်နှင်းခြင်းလည်းဖြစ်သည်။ စာအုပ်အလှူရှင်၁၂ ဦးမှ သုတ ရသ စာအုပ်မဂ္ဂဇင်း၊ ဂျာနယ်စုစုပေါင်း ၁၇၃၇၅ အုပ်ကို လာရောက်လှူဒါန်းခဲ့ကြသည်။ ပညာပါရမီဖြည့်စွမ်းသူများသို့မဟုတ် စာအုပ်အလှူရှင်များမှာ ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အဘယာရာမတိုက် စိန်ရတနာကျောင်းမှ အရှင်သာသနဝရက ဓမ္မလက်ဆောင်စာအုပ် ၃၆၅ အုပ်၊ ရွှေမင်းသား အကျိုးဆောင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးမြတ်သူဝင်းက ကံကြမ္မာကို ဆန့်ကျင်မိလေလျှင်နှင့် အခြားလူမှုရေးဆောင်းပါးများစာအုပ် ၇၉ အုပ်နှင့် ခေတ္တ ဂျပန်နိုင်ငံ တိုကျိုမြို့ရောက် ဦးမောင်မောင်မြတ်၊ ဒေါ်နန္ဒာဝင်းတို့အား ကိုယ်ကျင့်တရားနှင့် ဘဝအောင်မြင်ရေး အလေ့အကျင့်များ စာအုပ် ၁၀၀၊ သင့်ရင်သွေး မိမိကိုယ်ကို ယုံကြည်မှုစသည့် စာအုပ် ၅၀၊ ခေတ္တ ဂျပန်နိုင်ငံ တိုကျိုမြို့ရောက် ဦးသိန်းဝင်း– ဒေါ်ခင်ခင်ဌေးတို့က ဈေးကွက်ထဲမှ မြန်မာလူငယ်များ စာအုပ် ၁၀၀၊ ဦးလှမြင့်(ဒါရိုက်တာ) ဒေါ်ထူးထူးကျော်(ထူးအိုင့်ကုမ္ပဏီ)က သာလွန်လှပတဲ့ မနက်ဖြန် စာအုပ် ၈၆ အုပ်၊ခေတ္တဂျပန်နိုင်ငံ တိုကျိုမြို့ရောက် ဦးမင်းဇေယျာကျော်က ခေါင်းဆောင်တစ်ဦးရဲ့နှလုံးသားစာအုပ် ၁၀၀ ၊ ခေတ္တ ဂျပန်နိုင်ငံ တိုကျိုမြို့မှ ဒေါ်ခင်နှင်းယုက ထာဝရအောင်မြင်ရေးနီတိစာအုပ် ၃၅၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာနမှ ပါမောက္ခ ဒေါက်တာမေမြဝင်းက သတိပြုကာကွယ်မြွေဆိုးအန္တရာယ်စာအုပ် ၅၀၀၊ ဦးမြတ်ခိုင် (မဟာဂျာနယ်)က မဟာဂျာနယ် ၁၀၈၆၅ အုပ်၊ ဦးရဲလွင် ဂျပန်သံရုံးမှ နိပ္ပွန်နီးယားစာစောင် အမှတ်၂၄၊ ၂၅ အုပ် ၂၀၀၀၊ သဃ်န်းကျွန်းမြို့နယ်မှ ဦးခင်ငြိမ်း – ဒေါ်လှလှအေးတို့က ဂျာနယ်ပေါင်း ၅၀၀၊ ဦးကောင်းသန့် (ကောင်းသန့်) စာပေက နဝဒေး မဂ္ဂဇင်းစုံအုပ် ၂၂၀၀ တို့ကို လာရောက် လှူဒါန်းခဲ့ကြသည်။

ထိုစဉ်က အလှူရှင်များ၏ မျက်နှာပေါ်တွင် ပီတိအပြုံးများ ဝေနေသည်ကို အထင်းသား တွေ့ရသည်။ အလှူရှင်များ လှူဒါန်းသော သုတ ရသစာအုပ် စာစောင်၊ မဂ္ဂဇင်းတို့သည် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးစိုက်ရာ တောင်ပေါ်မြေပြန့် ဒေသမကျန် ရောက်ရှိသွားမည်ဖြစ်သည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်က ဖြန့်ဝေပေးမည်ဖြစ်သည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများသည် ဆက်သွယ်ရေးခက်ခဲသော နေရာအထိ အပင်ပန်းခံကာ သွားရောက်၍ နယ်လှည့်စာကြည့်တိုက်များ ဖွင့်လှစ်ကြသည်။ ထိုသို့ ဆောင်ရွက်ရာတွင် စာကြည့်တိုက်မှ သုတ၊ ရသ စာအုပ်များအပြင် စာအုပ်အလှူရှင်များ လှူဒါန်းထားသော စာအုပ်များကိုလည်း ယူဆောင်သွားကြခြင်းအားဖြင့် ဗဟုသုတ အသိပညာများ တိုးပွားကြမည်ကို တွေးကြည့်ရုံဖြင့် ကြည်နူးမိသည်။

နိုင်ငံနှင့်လူမျိုးအတွက် အသိပညာများ ဖြည့်ဆည်းပေးခြင်းသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကြောင်းရင်း အချက်တစ်ချက်ဖြစ်သည်။ ထို့အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေမည့် အဓိကအချက်လည်းဖြစ်သည်။ နိုင်ငံတော်နှင့်အတူ စေတနာရှင်ပြည်သူများအားလုံးကလည်း စည်းလုံးညီညွတ်စွာဖြင့် ကူညီပံ့ပိုးဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ပညာရေးအထောက်အကူပြုစာအုပ်များကိုလည်း ဖြည့်ဆည်းပေးရန်လည်း လိုအပ်သည်။ စာအုပ်အလှူရှင်များ သို့မဟုတ် ပညာပါရမီဖြည့်စွမ်းသူများကဲ့သို့ စာအုပ်များ လှူဒါန်းစိတ်များလည်း ပေါ်ပေါက်လျက်ရှိနေပါကြောင်း ရေးသားလိုက်ရပါသည်။ ။

လှလှဌေး (ပြန်/ဆက်)

နိုဝင်ဘာ ၁၃ ရက်က ဟသ်ာတမြို့နယ် ဗိုလ်မြတ်ထွန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ဌေးနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးဆောင်ရွက်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ရွှေရတုမဂ္ဂဇင်းလှူဒါန်းငွေဖြင့် ပဒေသာပင်စိုက်ထူ

ရန်ကုန် နိုဝင်ဘာ ၂၆

မကွေးတိုင်း မြိုင်အထက၏ ရွှေရတုသဘင် အထိမ်းအမှတ်မဂ္ဂဇင်းကို ဆရာပါရဂူ၊ ဆရာမြသန်းတင့်၊ ဆရာအောင်သင်း၊ ဆရာအောင်လင်း၊ ဆရာဖေမြင့် အစရှိသော စာရေးဆရာကြီးများ၏ လက်ရာနှင့် မြိုင်နယ်သူ မြိုင်နယ်သားတို့၏ လက်ရာစုံများပါဝင်သော မြိုင်အထက ရွှေရတုမဂ္ဂဇင်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ပါးစုံညီ အစည်းအဝေးသို့ လှူဒါန်းခဲ့ပြီး ကျန်ရှိသည့်မဂ္ဂဇင်း ရောင်းချရသောအမြတ်ငွေများကို ရွှေရတုငွေပဒေသာပင်အဖြစ် စိုက်ထူထား၍ မြို့နယ်အတွင်းမှ နွမ်းပါးသော ပညာထူးချွန်သူကျောင်းသူ ကျောင်းသားများအား ပညာရေးထောက်ပံ့ ရန်ပုံငွေအဖြစ် အသုံးပြုသွားမည်ဟု သိရသည်။ (က–ပ)

တိုင်းရင်းဆေးသစ်များ ထုတ်လုပ်

ရန်ကုန် နိုဝင်ဘာ ၂၆

အစွမ်းထက် မြန်မာ့တိုင်းရင်းဆေးဝါးများထုတ်လုပ်လျက်ရှိသော ဦးရဲမြင့် ကြို့ပင်ကောက်ရွှေသမင်ဆေးတိုက်မှ ခြင်္သေ့ညီနောင်ကလေးသက်စောင့်ဆေး (အထူးထုတ်)၊ ခြင်္သေ့ညီနောင်ဆေးပရုတ်ဆီ၊ ရွှေသမင်သူငယ်နာပေါင်းချုပ်ဆေးနှင့် ရွှေသမင်လေနှင်ဆေးမှုန့်များအပြင် ရွှေသမင်ကျီးပေါင်းရောဂါပျောက်စားဆေး၊ လိမ်းဆေး၊ ရွှေသမင်ရင်လူးဆေး၊ ရာဇာလျက်ဆားနှင့် ရွှေသမင်အစာအိမ်ဆေးပြားတို့ကို ထပ်မံထုတ်လုပ်သည်။ အဆိုပါတိုင်းရင်းဆေးများကို ဦးရဲမြင့် ကြို့ပင်ကောက် ရွှေသမင်ဆေးတိုက် အမှတ် (၂) ကန်သာယာလမ်း (၃)ရပ်ကွက် မရမ်းကုန်းမြို့နယ် ဖုန်း–၆၆၄၆၁၆၊ ၆၆၂၀၇၂နှင့် အမြို့မြို့ရှိဆေးဆိုင်တိုင်းတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ (က–ပ)

စုပေါင်းစိုက်ပျိုး

မော်လမြိုင်ကျွန်းမြို့ သန့်ရှင်းသာယာ လှပစေရေးအတွက် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ဝန်ထမ်းများ နိုဝင်ဘာ ၂၄ရက်က လွတ်လပ်ရေး ပန်းခြံအတွင်း ပန်းအလှပင်များ စုပေါင်း စိုက်ပျိုးကြစဉ်။

(မြို့နယ်စည်ပင်)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားကို နိုဝင်ဘာ ၇ရက် နံနက်က မကွေးတိုင်း ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်း အဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြစ်ပေါ်လာပုံသမိုင်းကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းစွမ်းဆောင်နိုင်မှု ထူးချွန်ဆု၊ ဒေသနာရွတ်ဆိုပူဇော်ပြိုင်ပွဲဆု၊ အားကစားပြိုင်ပွဲဆု၊ ပျော်ပွဲရွှင်ပွဲများတွင် ဆုရရှိသူများအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ဝင်းဆိုင်၊ ဦးစီးအရာရှိ ဦးသန်းညွန့်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ (၄၆၅)

ကြီးကြပ်ဆောင်ရွက်

နိုဝင်ဘာ ၂၂ရက်က ဝေါမြို့နယ် နှောင်ပတ္တရာ ကျေးလက်လမ်း ဂဝံခင်းနေမှု အခြေအနေများကို စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ဌေးတို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

အထူးကုဆရာဝန်ကြီးများအဖွဲ့ ကယားပြည်နယ်၌ ကျန်းမာရေးပညာပေးဟောပြော

ဘောလခဲ နိုဝင်ဘာ ၁၇

ကယားပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ဝင်းနှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် နိုဝင်ဘာ ၁၃ရက်က ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ဘုရင့်နောင်ခန်းမ၌ ကျန်းမာရေး ပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ကယားပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူးက ငှက်ဖျားရောဂါအကြောင်းနှင့် ကာကွယ်တားဆီးရေး၊ ပြည်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာ ထွန်းအေးက အိပ်ချ်အိုင်ဗွီ ကူးစက်ရောဂါပိုးနှင့် အေအိုင်ဒီအက်စ် ရောဂါများအကြောင်းနှင့် ကာကွယ်တားဆီးရေး၊ အထွေထွေရောဂါကု သမားတော်ကြီး ဒေါက်တာ ဒေါ်မေရီဖောက ဆေးလိပ်သောက်ခြင်းကြောင့်ဖြစ်ပေါ်တတ်သောရောဂါများအကြောင်းနှင့် ကာကွယ်တားဆီးရေး၊ သားဖွားနှင့် မီးယပ်အထူးကု ဆရာဝန်ကြီးဒေါက်တာ စောကလယ်ခူက မျိုးဆက်ခြားကျန်းမာရေးနှင့် သားဖွား မီးယပ်ဆိုင်ရာ ရောဂါကာကွယ်တားဆီးရေးကို ပညာပေးဟောပြောကြသည်။

(ခရိုင် ပြန်/ဆက်)

စိမ်းလန်းစိုပြည်ရေး ပန်းအလှပင်များစိုက်ပျိုး

ဆားလင်းကြီး နိုဝင်ဘာ ၁၇

ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးအုန်းမြင့်နှင့် ဝန်ထမ်းများသည် မြို့တွင်း စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် လမ်းဘေးဝဲယာ အမှိုက်များရှင်းလင်းခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၁၅ ရက်က စုပေါင်းဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပျော်ဘွယ်မြို့နယ်လုံးဆိုင်ရာ ဘုံကထိန်ကျင်းပ

ပျော်ဘွယ် နိုဝင်ဘာ ၁၅

ပျော်ဘွယ်မြို့နယ်လုံးဆိုင်ရာ (၉၂)ကြိမ်မြောက် ဘုံကထိန်ပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၈ရက်မှ လပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ **(အပေါ်ပုံ)** ဌာနပေါင်းစုံ ဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများ၊ ဈေးသူ ဈေးသားများ စုပေါင်း၍ လှူဖွယ်ဝတ္ထုပစ္စည်း စုစုပေါင်း တန်ဖိုးကျပ်သိန်း ၁၂၀ ဖိုးကို သံဃာတော်များအား လှူဒါန်းကြသည်။

နိုဝင်ဘာ ၈ရက်တွင် ရွှေပြည်သာ ဘုရားကွင်း ဗဟိုမဏ္ဍပ်၌ ပင့်သံဃာ ၇၂ပါးတို့အား ဆွမ်း၊ ဘောဇဉ်ခဲဖွယ်များ ဆက်ကပ်ကြသည်။ ဘုံကထိန်အခမ်းအနားသို့ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်သိန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် ပွဲတော်ကျင်းပရေး ကော်မတီဝင်များ၊ တပ်မတော်သားများနှင့် အလှူရှင်များတက်ရောက်ကြည်ညို ကြသည်။ **(၂၅၀)**

ထားဝယ်ခရိုင် ရေဖြူမြို့နယ်နှင့် ကလိန်အောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနတို့ ပူးပေါင်း၍ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို နိုဝင်ဘာ ၁၆ရက်က ကလိန်အောင်မြို့နယ်တွင် ကျင်းပရာ ရေဖြူမြို့နယ် ဦးစီးဌာနမှူး ဦးသန်းဇော်ဦးက နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်စဉ်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

ကျေးရွာဥက္ကဋ္ဌဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

သနပ်ပင် နိုဝင်ဘာ ၁၅

သနပ်ပင်မြို့နယ် အပိုင်ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ပထမအကြိမ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို အပိုင်ကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာ အားကစားကွင်းတွင် နိုဝင်ဘာ ၉ ရက်ကကျင်းပသည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယရရှိသော အောင်ချမ်းသာ(ခ) ဘောလုံးအသင်းအား မြို့နယ်အား/ကာ ကော်မတီဝင် ဦးကျော်သန်းက ငွေသားဆုကို ချီးမြှင့်ပြီး ပထမရရှိသော အပိုင်(က) ဘောလုံးအသင်းအား မြို့နယ်အား/ကာဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ခိုင်က ပထမငွေသားဆု ချီးမြှင့်သည်။

ထို့နောက် ပထမရရှိသည့်အပိုင်(က) ဘောလုံးအသင်း အုပ်ချုပ်သူနှင့် အသင်းခေါင်းဆောင်တို့အား ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းရွှေက ပထမတံခွန်စိုက်ဖလားကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

ဘုတ်ပြင်း နိုဝင်ဘာ ၁၅

ဘုတ်ပြင်းမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ မဟာဝိဇယ ကျောင်းတိုက်အတွင်း လမ်းများတွင် ကျောက်ခင်းခြင်း၊ ချုံနွယ်မြက်များရှင်းလင်းခြင်းနှင့် ကတ္တရာခင်းခြင်းစသည့် သန့်ရှင်းရေးလုပ်ငန်းများကို နိုဝင်ဘာ ၈ ရက်နံနက်ကဆောင်ရွက်ကြရာ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီနှင့် မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များနှင့် ပြည်သူများ စုပေါင်း ပါဝင်ဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုဝင်ဘာ ၁ရက်က ကျိုက်မရောမြို့ ရွှေဥဩလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်လင်းထင်တို့က ကွင်းဆင်းတိုင်းတာဆောင်ရွက်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

မိသားစုနေ့ အခမ်းအနားကျင်းပ

အင်းတော် နိုဝင်ဘာ ၁၅

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုနေ့ အခမ်းအနားကို နိုဝင်ဘာ ၇ ရက်က အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးက အမှာစကားပြောကြားပြီး မိသားစုအထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲများ ကျင်းပကာ တက်ရောက်လာကြသူများအား ကြာဆံဟင်းခါးဖြင့် ကျွေးမွေးကြသည်။ **(၁၃၃)**

ပေါင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး ဖွင့်လှစ်သော အိမ်ရှင်မများအတွက် တိုင်းရင်းဆေးပညာ (ဆင့်ပွား) သင်တန်းဖွင့်ပွဲတို့ အောက်တိုဘာ၁၈ရက်က ဘဲအိမ်ကျေးရွာ အထကတွင် ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မီကြည်ဝင်းက ရှင်းလင်းပို့ချစဉ်။ (၂၆၀)

ခရိုင်ချင်းဆက် မြေသားလမ်းဖောက်လုပ်

မလှိုင် နိုဝင်ဘာ ၁၈

မန္တလေးတိုင်း မလှိုင်မြို့နယ်၌ ခရိုင်ချင်းဆက် ကျေးလက်လမ်းပိုင်းတိုးချဲ့ပြုပြင်ဖောက်လုပ်လျက်ရှိသည့် ဆင်မကြပ်-ကျင်းသာ-မိတ္ထီလာကားလမ်းအထိ ဆက်သွယ်သွားလာနိုင်သော မြေသားလမ်းကို မြေညှိစက်ကြီးများဖြင့် ပြုပြင်ဖောက်လုပ်လျက်ရှိသည်။

မြေသားလမ်းသည် အရှည်နှစ်မိုင်ခြောက်ဖာလုံနှင့် အကျယ် ၃၆ ပေဖြစ်ပြီး နိုဝင်ဘာ ၇ ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးနှင့် အဖွဲ့က လာရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြငြိမ်းတို့က ရှင်းလင်းပြသကြသည်။ **(က-ပ)**

မြန်မာ့အသံ

၂၈-၁၁-၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ)
၁၁:၃၅ သုတရေးရာဖြေကြားလွှာ
၁၂:၀၀ ကျန်းမာရေးနဲ့ဆေးပညာ (ကလေးများအနာဂတ်ဖွံ့ဖြိုးဖို့ ကျန်းမာဝန်းကျင်ဖန်တီးစို့)
၁၂:၃၀ ဓာတ်လမ်းပမာနားဆင်စရာ(နှံ့)
၁၃:၁၀ ကမ္ဘာ့ဂီတ

ညနေပိုင်း

၁၆:၂၀ ကျေးလက်ဓာတ်လမ်း (ပျော်စရာကမ္ဘာ)
၁၇:၃၀ အဘိုးအဘွားအလေးထား (သံတွဲခရိုင် ဂျိတ်တောကျေးရွာမှ အဘိုးဦးသိန်းနှင့် ဆွေးနွေးခန်း)
၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (အာဟာရဖြစ်မှု ရှာပုံတော်-ပထမပိုင်း) (မောင်ဆုရှင်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်း ၂၀(၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၁၂၅

ကမ္ဘောဇဘဏ်လီမိတက် (၎င်း၏ကိုယ်စား တာဝန်ပေးအပ်ခြင်း ခံရသူဒေါ်ခင်ဝဝသီတာ-မန်နေဂျာ)	နှင့် ဦးခင်မောင်ဌေး အမှတ် ၅၅၆(ချ)၊ မော်ဓာဝီလမ်း မြောက်ဥက္ကလာပမြို့
တရားလို	**တရားပြိုင်**

ဦးခင်မောင်ဌေး အမှတ် ၅၅၆(ချ)၊မော်ဓာဝီလမ်း၊ မြောက်ဥက္ကလာပမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ကမ္ဘောဇဘဏ်လီမိတက်မှကတ်ဖြင့်သုံးစွဲထားသော ငွေနှင့် သတ်မှတ်အတိုးများ၊ ဝန်ဆောင်စရိတ်များရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၈ ရက် (၁၃၆၅ ခု နတ်တော်လပြည့်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်လာရောက်ရန် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။

၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ပေါ်ခိုင်သန်း
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

လေလံတင်ရောင်းချရေးကော်မတီ၊ တိုင်းသက်သာချောင်ချိရေးအဖွဲ့ တိုင်း(၄)ကလော

၁။ တိုင်းသက်သာချောင်ချိရေးအဖွဲ့၊ တိုင်း(၄)ကလောမှ ပိုင်ဆိုင်သည့် အောင်ပန်းဘူတာတွင်ရှိ (Pay Scraper)အပျက်တစ်စီးအား ဝယ်ယူလိုသူ နိုင်ငံသား ပုဂ္ဂလိကနှင့် ကုမ္ပဏီများထံမှ ချိပ်ပိတ်တင်ဒါများ အလိုရှိပါသည်။

၂။ ချိပ်ပိတ်တင်ဒါစည်းကမ်းများနှင့် တင်ဒါပုံစံများကို တိုင်းသက်သာချောင်ချိရေးအဖွဲ့ တိုင်း(၄)ကလောထံတွင် ကျပ် ၃၀၀၀ (ကျပ်သုံးထောင်တိတိနှုန်း)ဖြင့် ၁-၁၂-၂၀၀၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ လေလံတင်ရောင်းချမည့်(Pay Scraper)အပျက်ကို အောင်ပန်း ဘူတာယာဒ်ဝင်းရှိ(တွဲအုပ်တွဲပြင်)နှင့် ဆက်သွယ်ကြည့်ရှုလေ့လာနိုင်ပါသည်။

၄။ ချိပ်ပိတ်တင်ဒါများလက်ခံခြင်းကို ၁-၁၂-၂၀၀၃ရက်မှ ၁၅-၁၂-၂၀၀၃ ရက်(တနင်္လာနေ့) ၁၃း၀၀ နာရီအထိ ဆောင်ရွက်၍ အဆိုပါနေ့ ၁၃း၃၀ နာရီတွင် တင်ဒါပေးသွင်းသူများ၏ရှေ့မှောက်၌ ချက်ချင်းဖွင့်လှစ်၍ ရွေးချယ်မည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိလိုပါက ဥက္ကဋ္ဌ တိုင်းသက်သာချောင်ချိရေးကော်မတီ၊ တိုင်း(၄)ကလောထံတွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၈၁-၅၀၀၀၁၊ ၅၀၀၀၂၊ ၅၀၃၇၉ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

SUN TZU: THE ART OF WAR

ဆွန် ဇူ ၏ စစ်ပညာ

[illegible]

ချစ်နိုင်(စီးပွားပညာ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ယဉ်ကျေးမှုဝန်ကြီးဌာန
အနုပညာဦးစီးဌာန
ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)
အောင်ဇေယျလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)
သတ္တမအကြိမ် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၏ သတ္တမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

ကျင်းပမည့်နေ့ရက်/အချိန်	- ၉-၁၂-၂၀၀၃ (အင်္ဂါနေ့) နံနက် ၉း၀၀ နာရီ
ကျင်းပမည့်နေရာ	- ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်
အစမ်းလေ့ကျင့်မည့်နေ့ရက်/အချိန်	- ၈-၁၂-၂၀၀၃ (တနင်္လာနေ့)၊ နံနက် ၉း၀၀ နာရီ
ကျင်းပမည့်နေရာ	- ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်
ဘွဲ့နှင်းသဘင်ကြေး	- ၁၅၀၀(တစ်ထောင့်ငါးရာကျပ်တိတိ)
အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး	- ၁၀၀၀(တစ်ထောင်ကျပ်တိတိ)
လျှောက်လွှာတင်ရမည့်နေ့ရက်	- ၂၆-၁၁-၂၀၀၃
လျှောက်လွှာနောက်ဆုံးတင်ရမည့်နေ့ရက်	- ၃-၁၂-၂၀၀၃

၂။ အဆိုပါ သတ္တမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနား၌ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်မှ အထူးပြုဘာသာရပ်အလိုက် စတုတ္ထနှစ်အောင်မြင်ခဲ့သူများနှင့် ၂၀၀၂-၂၀၀၃ ပညာသင်နှစ် ဘွဲ့လွန် ပြတိုက်ပညာဒီပလိုမာသင်တန်း အောင်မြင်သူများအား ဘွဲ့များချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ပါသည်။

၃။ သို့ပါ၍ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၊ သင်တန်းရေးရာဌာနစိတ်မှရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ပတ်စ်ပို့အရွယ် (နှစ်လက်မ x တစ်လက်မခွဲ) ဓာတ်ပုံနှစ်ပုံပူးတွဲလျက် သတ်မှတ်ရက်အတွင်း တင်သွင်းကြရမည်။

မှတ်ချက်။ ။ဘွဲ့ဝတ်စုံငှားရမ်းခွင့်လျှောက်လွှာများကို ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၁ရက်နေ့မှစ၍ သင်တန်းရေးရာဌာနမှ ထုတ်ပေးမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို သိလိုပါက သင်တန်းရေးရာဌာန ဖုန်း၀၁-၅၉၀၂၅၇၊ ၀၁-၅၉၀၂၅၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကျော်ကျော်လှိုင်(မော်ကွန်းထိန်းအဆင့်-၁)
ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)

ရှုပဒံဂုံဈေးရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

ကျေးဇူးရှင် တောင်သူဦးကြီးများ ဝမ်းမြောက်စွယ် သတင်းကောင်း !!!

ဆေးအမည်	မှတ်ပုံတင်အမှတ်	ထုတ်လုပ်သူ
[illegible]	2003-668	Sharp Formulator Co., Ltd.
[illegible]	2003-669	Sharp Formulator Co., Ltd.
[illegible]	2003-670	Sharp Formulator Co., Ltd.
[illegible]	2003-671	Sharp Formulator Co., Ltd.
[illegible]	1996-205	Map Pacific PTE LTD.
[illegible]	[illegible]	Map Pacific PTE LTD.

[illegible]

အများသိစေရန် ကြေညာချက်

[illegible]

စဉ်	အမည်	မှတ်ပုံတင်အမှတ်	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]

[illegible]

အောက်တိုဘာ ၁၆ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးခင်မောင်ဆွေနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ကျိုင်းတုံမြို့ နောင်တုံကန်ပတ်လည် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ **(နယ်စပ်စည်ပင်)**

နှင်းဆီကုန်းဘိုးဘွားရိပ်သာ ပျော်ပွဲရွှင်ပွဲ နိဗ္ဗာန်ဈေးပွဲတော် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၏ (၄၂)ကြိမ်မြောက် ပျော်ပွဲရွှင်ပွဲ နိဗ္ဗာန်ဈေးပွဲတော်ကို ဒီဇင်ဘာ ၆ရက် (စနေနေ့)တွင် ဗဟန်းမြို့နယ် အမှတ်-၂၁ ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာဝင်းအတွင်း၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းကြမည်

အဆိုပါ ပျော်ပွဲရွှင်ပွဲ နိဗ္ဗာန်ဈေးပွဲတော်တွင် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ပညာရေးဝန်ကြီးဌာန အောက်ရှိ အထက်တန်းနှင့်အလယ်တန်းကျောင်းများ၊ ရုံးဌာနများ၊ ကုမ္ပဏီများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင် မိသားစုများ၏ နိဗ္ဗာန်ဈေးအရောင်းဆိုင်များက ကော်ဖီ၊ လက်ဖက်ရည်၊ ကော်ရည်ခေါက်ဆွဲ၊ မုန့်ဟင်းခါး၊ ကြာဆံချက်၊ မန္တလေးမုန့်တီ၊ အအေးစုံ၊ သစ်သီးစုံအပါအဝင် မြန်မာမုန့်များ၊ အဝတ်အထည်နှင့် လူသုံးကုန်များ၊ ကလေးကစားစရာများ၊ ဗဟုသုတ စာပေမဂ္ဂဇင်းများ ရောင်းချပြီး နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ရန်ပုံငွေသို့ လှူဒါန်းကြမည်ဖြစ်သည်။

ဖျော်ဖြေပွဲများ

ပျော်ပွဲရွှင်ပွဲ အရောင်းဆိုင်များကို ညနေ၃နာရီတွင် စတင်ရောင်း ချမည်ဖြစ်ပြီး တေးသံရှင် ဒေါ်ရီရီသန့်နှင့်အဖွဲ့ ဖျော်ဖြေပွဲ၊ ယဉ်ကျေးမှု အငြိမ့်ဖြင့်ဖျော်ဖြေပွဲ၊ ကလေးရုပ်ရှင်၊ ချားရဟတ်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ပျော်ပွဲရွှင်ပွဲဝင်ကြေးကို မိမိတို့စေတနာအလျောက် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းကုန်းအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

ကျောင်းကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဒီဇင်ဘာ ၇ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရွှေတိဂုံအရှေ့မုခ် ကြားတောရလမ်း(ကြေးသွန်းဘုရားလိပ်ကန် အနီး) ဗဟန်းမြို့နယ်ရှိ ရေဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ မြို့နယ်သူမြို့နယ်သားမိသားစုများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များ၏ အမည်စာရင်းနှင့် ၂၀၀၂-၂၀၀၃ ခုနှစ် ပညာသင်နှစ်အတွင်း အခြေခံပညာ အထက်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင် သားသမီးများ၏ အမည်စာရင်းကို အမှတ်စာရင်းနှင့် ပူးတွဲလျက် အမှတ် ၂၀၃၊ ၃၇ လမ်း၊ ရန်ကုန်မြို့ ဖုန်း-၂၈၁၄၃၅၊ ဦးစောလွင် ဖုန်း-၅၃၆၈၂၇ နှင့် ဦးစန်းအောင် ဖုန်း-၅၇၇၇၂၉၊ ဦးမြင့်စန်း ဖုန်း-၂၂၀၃၂၇၊ ဦးမျိုးဟန် ဖုန်း-၅၇၀၄၇၉ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

(က-ပ)

လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါး၊ ဝတ္ထုတိုပြိုင်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

၂၀၀၃ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန လူထုအားကစားနှင့် ပညာပေးဌာနခွဲက ကြီးမှူး၍ ရောင်စုံဓာတ်ပုံ၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံသည် ၁၀လက်မ x ၁၂လက်မဖြစ်သည်။ ဆောင်းပါးကို ဖူးစကက်လေးမျက်နှာမှ ခြောက်မျက်နှာအထိ ရေးသားနိုင်၍ ဝတ္ထုတိုသည် ဖူးစကက် ငါးမျက်နှာမှ ရှစ်မျက်နှာအထိ ရေးသားနိုင်ပြီး လူမှုရေးဦးတည်ချက် (၄)ရပ်မှ စတုတ္ထအချက်ဖြစ်သော တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး အချက်ကိုမူတည်၍ရေးသားရမည်ဖြစ်သည်။ ဝတ္ထု၊ ဆောင်းပါး ခေါင်းစဉ်သည် မိမိကြိုက်နှစ်သက်ရာကို ဖော်ပြနိုင်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အကန့်အသတ်မရှိ တင်သွင်းနိုင်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများကို ငွေသားဆုများ ချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲဝင် ဓာတ်ပုံ၊ စာမူများကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၉ရက် နောက်ဆုံးထား၍ ဦးကျော်စိန်သန်း ပြိုင်ပွဲကျင်းပရေးကော်မတီ လူထုအားကစားနှင့် ပညာပေးဌာနခွဲ ဖုန်း-၃၇၄၅၀၂ အောင်ဆန်းအားကစားပြိုင်ဝင်းသို့ ပေးပို့ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သံဖြူဇရပ်မြို့ အထက(၁) နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို အောက်တိုဘာ ၂၄ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောဝင်းက ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဦးထံ နိုင်ငံသားကတ်ပြားများ ပေးအပ်စဉ်။ **(က-ပ)**

လက်ထပ်ပြီးစီးခြင်း

မန္တလေးမြို့နေ ဦးကျော်သန်း-(ဒေါ်ညွန့်ကြည်) တို့၏သား

ဒေါက်တာအောင်ကိုကို

(မြစ်ကြီးနားမြို့ပြည်သူ့ဆေးရုံ လက်ထောက်ဆရာဝန်)

နှင့်

မိုးညှင်းမြို့နေ (ဦးတင်လှ)-ဒေါ်အုန်းမြိုင် တို့၏သမီး

ဒေါက်တာသက်သက်ယဉ်

(မြစ်ကြီးနားပြည်သူ့ဆေးရုံ လက်ထောက်ဆရာဝန်)

တို့သည် ၂၁-၁၁-၂၀၀၃ရက်တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် တရားရုံးတွင် လက်ထပ်ပြီးစီးပါကြောင်း

ဒေါက်တာအောင်ကိုကို-ဒေါက်တာသက်သက်ယဉ်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် ၃၁၀ နေ ဒုတိယဗိုလ်မှူးကြီးသန်းအောင်-ဒေါ်ကျင်မြ တို့၏သား

မောင်ဇော်လင်းအောင် (နဒီဦး ရွှေရတနာရောင်းဝယ်ရေး)

နှင့်

မန္တလေးမြို့ လမ်း ၃၀၊ ၇၉ X ၈၀ကြားနေ ဦးခင်မောင်-ဒေါ်စန်းရီ (မနော်သုခ သစ်သီးပွဲရုံ) တို့၏သမီး

မခင်မိမိစိမ်း (Second Year, Law)

တို့သည် ၂၃-၁၁-၂၀၀၃ ရက်တွင် ရန်ကုန်မြို့၌ နှစ်ဖက်သော မိဘများ၏ သဘောတူညီချက်အရ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်လင်းအောင်(ခ)ကိုဇော်-မခင်မိမိစိမ်း။

Diamond City စိန်လက်ဝတ်ရတနာအရောင်းဆိုင်

မစန္ဒာမိုလ်၊ အမှတ် ၇၀၊ ဗဟိုရုံ၊ ဗိုလ်ချုပ်ဈေး၊ ဖုန်း-၇၀၄၈၈၈၊ ၇၂၇၂၃၂ ၂၄၀၉၆၆၊ လိုင်းခွဲ ၇၁၅

မသီတာမိုလ် အမှတ်၅၄၊ အောင်မင်းခေါင် ၁လမ်း၊ ဝင်ဒါမီယာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၇၀၄၈၈၈၊ ၇၂၇၂၃၂

PANDA Engineering group
TV.VCD. DVD. MONITOR. WASHING MACHINE
AIR CON. REFRIGENATOR

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်ဘိုဘိုအောင်** ၆/မအရ (နိုင်) ဝ၈၅၉၂၃ (B-Arch)နှင့် ကျွန်မ **မမဥူးဦး** ၆/မအရ (နိုင်) ၁၁၃၂၁၅ (B.E, Civil)တို့သည် မြိတ်မြို့နယ် ဒုတိယ တရားသူကြီး ရှေ့မှောက်၌ ၁၇-၁၁-၂၀၀၃ ရက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

ဘိုဘိုအောင်-မမဥူးဦး။

GOAL အီလက်ထရွန်နစ် သင်တန်း

ရေဒီယို၊ ကက်ဆက်၊ အသံချဲ့စက်၊ တီဗွီ၊ ဗီဒီယို၊ ဗွီစီဒီများကို လက်တွေ့ပိုင်း ဦးစားပေးသင်ကြားပေးမည်။

အမှတ် ၂၄၊ ၁၂ လမ်း၊ အောက်ဘလောက် လမ်းမတော်မြို့နယ်၊ ရန်ကုန် ဖုန်း-၀၁-၂၂၄၀၄၄

အမြန်ဆက်သွယ်ပါ

ရန်ကုန်မြို့တွင်းရှိ အိမ်၊ခြံ၊မြေ၊ တိုက်ခန်း၊ ဂိုဒေါင် ရောင်း၊ဝယ်၊ငှားရမ်း လိုသူများ အမြန် ဆက်သွယ်နိုင်ပါသည်။

Tel; 222923, 09-80 21478

ဖခင်အမည်မှန်

အထက(၂)အင်းစိန် အဌမတန်း (ဃ)မှ မမှုံးပြည့်ပြည့်စိုး၏ ဖခင် အမည်မှန်မှာ ဦးအောင်ကျော်စိုး ဖြစ်ပါကြောင်း။

ဦးအောင်ကျော်စိုး

အမည်ပြောင်း

ဦးဝင်းဇော်ဦး၏သား မောင်ဇော် ထက်ဇော် ၁၂/ တမန(နိုင်) ဝ၉၅၆၂၁ အား ယနေ့မှစ၍ သန်းထိုက်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။

သန်းထိုက်ဇော်

Amazing Holidays

Your perfect holidays maker

(Salary in Kyats)

Ayeyarwady Scene Restaurant (Mandalay)

1. Restaurant Manager (M/F) 1- Post
   - any Graduate, 5 years service in restaurant with supervisory level.
   - must speak English

Paramount Inle Resort (Inle)

1. Manager (M/F) 1- Post
   - any Graduate, 5 years service in restaurant with supervisory level.
   - must speak English
2. (M/F) 3- Post
3. (M/F) 5- Post
4. Assistant cook (M/F) 2- Post

APPOINTMENTS

(For local service only, salary in kyats)

The International Standard Beach Resort in **Ngapali**, schedule to open in March 2004 looking for following energetic, mature, result-oriented person, believe in service industry for our employment. All these person must be stationed in Ngapali for minimum of one year contract and except indicated.

1. Resident Manager (M/F) 1 post

Any graduate with fluent in English. Must have at least 5 years service in hotel industry in Manager level.

2. Food & Beverage Manager (M/F) 1 post

Any Graduate. Must have at least 5 years service and strong in F & B service. Fluent in English is must.

3. Front Office Manager (M/F) 1 post

Any graduate. Must have at least 3 years service in Manager or supervisor level in hotel. Fluent in English is must.

4. Housekeeping Manager (M/F) 1 post

Must have at least 3 years service in Manager or supervisor level in hotel. Able to speak in English.

5. Maintenance Manager (M) 1 post

B.E or A.G.T.I (Electrical or Mechanical). At least 3 years supervisor level in building maintenance.

6. Secretary (M/F) 1 post

B.A (English). Fluent in English and able to give training to staff. Computer literate and leader skill.

7. Manager(Yangon) (M/F) 1 post

Any graduate. Have vast knowledge on marketing and purchasing. Computer literate and able to communicate in English.

8. Accountant(Yangon) (M/F) 1 post

B.com or LCCI. Computer literate. English speaking added advantage.

Please send your resume, recent photo, labour registration card and expected salary to **P.O box(846)** not later than 1 st December 2003. Only short listed candidate will be informed for interview.

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာချက်အား ပြန်လည် ရုပ်သိမ်းခြင်း

ကျွန်ုပ်တို့၏အမှုသည် ဒေါ်ခင်မြရီ မှတ်ပုံတင်အမှတ် ဘီ/အာရ်ဂျီ အင်န်-၀၀၁၈၄၉ ဗိုလ်တထောင်မြို့နယ်၊ (၈) ရပ်ကွက်၊ ဘိုကလေးဈေးလမ်း၊ အမှတ် ၁၃၂၊ ဒုထပ်/ယာ နေသူ၏ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာချက်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

၁-၈-၂၀၀၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၇ တွင် ပါရှိသော သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြေညာချက်ကို အထက်တန်းရှေ့နေ ဦးတင်အောင်ငြိမ်းနှင့် ညွှန်ကြားချက်ပေးပြီး ကြေညာခဲ့ပါသည်။

ယခုအခါ သားဖြစ်သူ ကိုစိန်ထွန်း ဘီ/အာရ်ဂျီအင်န်-၀၀၄၂၇၉ နှင့် ကျွန်မတို့သည် မိခင်နှင့်သားတို့အကြား အခက်အခဲပြဿနာ တစ်စုံတစ်ရာ မရှိတော့ဘဲ မိဘနှင့်သားသမီးတို့၏ ဝတ္တရားများအတိုင်း နေထိုင်လျက်ရှိပြီးဖြစ်ပါသည်။ သမီးဖြစ်သူ ဒေါ်အေးလှ ၁၂/ကမရ(နိုင်) ၀၁၅၀၅၀ အားပေးအပ်ထားသည့် ကိုယ်စားလှယ်လွှဲစာများကို ရုပ်သိမ်းကြောင်းနှင့် ၁-၈-၂၀၀၃ ရက် ကြေညာချက်ကို ခြွင်းချက်မရှိ ပြန်လည် ရုပ်သိမ်းပါကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမြင့်သောင်း / **ဦးစိန်မြင့်**
တရားရုံးချုပ်ရှေ့နေ / **အထက်တန်းရှေ့နေ**
အခန်း ၄၀၊ မြေညီထပ်၊ အမှတ်၆၃၊ စုပေါင်းရုံး၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်

Christmas & New Year



Bosny Spray Paint

TWJS Co., Ltd

Ph: 681805, 681806, 681883

NPE

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး (အင်ဂျင်နီယာဌာန)

အောက်ပါ သင်တန်းများ ၁-၁၂-၂၀၀၃ရက်တွင် ဖွင့်လှစ်ပါမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါ၍ အမြန်စာရင်းပေးသွင်းကြပါ။

အခြေစိုက်အလုပ်ရုံအမှတ်(၂)

၁။ အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်း
၂။ အခြေခံဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းမှုသင်တန်း

အခြေစိုက်အလုပ်ရုံအမှတ်(၁)

၁။ တွင်ခုံ/ဖောက်ခုံသင်တန်း
၂။ ယန္တရားကိုင်တွယ်ထိန်းသိမ်းမှုသင်တန်း
၃။ အခြေခံလျှပ်စစ်သံဂဟေဆက်နှင့် ဓာတ်ငွေ့ဂဟေဆက်သင်တန်း
၄။ ခေတ်မီမော်တော်ယာဉ်ငယ်များ၏ လျှပ်စစ်ပိုင်းဆိုင်ရာပြုပြင်ခြင်းသင်တန်း
၅။ အဆင့်မြင့် ဓာတ်ငွေ့ဂဟေဆက် သင်တန်း(လျှပ်စစ်ဂဟေဆက်၊ ဓာတ်ငွေ့ဂဟေဆက်၊ Tig နှင့် Mig ဂဟေဆက်)
၆။ အခြေခံလေအေးပေးစက် ပြုပြင်ထိန်းသိမ်းမှုသင်တန်း

တည်နေရာ-

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၁)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ် (မဟာဗန္ဓုလတံတားအနီး)

တယ်လီဖုန်း-၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄၊ ၇၂၆၅၇၂(ရုံးချိန်အတွင်းသာ)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် သ/၂၀၁ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင် စာအုပ် (ကမ-၃) မိတ္တူပျောက်ဆုံးသွားပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၃က/၁၁၉၉ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူပျောက်ဆုံးသွားပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း**

ကျေးဇူးတင်ရှိခြင်း
ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယကာကြီး ဦးအေး(ကညွတ်ကွင်းမြို့) အသက်(၇၆)နှစ်

၁၇-၁၁-၂၀၀၃ ရက်တွင် ကွယ်လွန်သွားသော ဦးအေး၏ ဈာပနကိစ္စအဝဝ တွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီလိုက်ပါပို့ဆောင်ပေးခဲ့ကြသော ကညွတ်ကွင်းမြို့နှင့် ရပ်ဝေးရပ်နီးမှ မိသားစုများ၊ မိတ်ဆွေ သင်္ဂဟများ၊ ရန်ကုန်မြို့နှင့် အင်းတကော် တပ်နယ်တို့မှ လိုက်ပါပို့ဆောင် ကူညီ အားပေး နှစ်သိမ့်ကြသော အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများနှင့် ဇနီးများအားလုံး တို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

မသင်းသင်းဆွေ

B.Sc (Hons) Zool, M.Sc 1st Semester

အသက်(၂၇)နှစ်

၂၀-၁၁-၂၀၀၃ရက်တွင် ဘဝတစ်ပါးသို့ပြောင်းသွားခဲ့သော သမီးလေး ရုတ်တရက် ကွယ်လွန်သွားချိန်တွင် ကူညီဆောင်ရွက်ပေးခဲ့သည့် နတ်တလင်းမြို့နယ်နှင့် ဓနိကုန်းမြို့နယ်တို့မှ ပြည်သူ့ရဲတပ်ဖွဲ့နှင့် ပြည်သူ့ဆေးရုံဝန်ထမ်းများအားလည်းကောင်း၊ တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)မှ ဝန်ထမ်းများအားလည်းကောင်း၊ မေတ္တာရှေ့ထား၍ မိသားစုနှင့်ထပ်တူ ခံစားသတင်းမေးအားပေးလိုက်ပါ ပို့ဆောင်ပေးကြသော ဌာနဆိုင်ရာပုဂ္ဂိုလ်များနှင့် အရာထမ်း၊ အမှုထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သမီးလေး၏ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိဘများနှင့်အစ်ကိုများ။

ရဟန်းဒါယကာကြီး

ဦးအေးကြူ (ခရမ်း)

B.A, D.E.P, D.A

ဒုတိယညွှန်ကြားရေးမှူး၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အသက်(၆၀)

ရန်ကုန်တိုင်း၊ ခရမ်းမြို့နေ (ဦးဘအောင်-ဒေါ်ခင်နု)တို့သား၊ သန်လျင်မြို့နေ (ဦးရှိန်းမောင်-ဒေါ်ခင်မြင့်)တို့၏သားသမက်၊ ဦးသိန်းမြင့်-ဒေါ်မြမြမိုးတို့အစ်ကို၊ သန်လျင်မြို့၊ အမှတ် ၂၈၊ နွယ်နီလမ်း၊ အောင်သုခ၊ မြို့ဟောင်းအလယ်ရပ်ကွက်နေ ဒေါ်နီနီရှိန်း၏ခင်ပွန်း၊ မနန်းအိမ်စည် (ပညာရေးတက္ကသိုလ်)၊ မောင်ရွှေလမင်း(တံယံ Video)၊ မနွေဦးခင် (ပနှစ်၊ ပထဝီ)တို့၏ဖခင်သည် ၂၆-၁၁-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈:၅၅ နာရီတွင် သုခကမ္ဘာအထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၃၀-၁၁-၂၀၀၃ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ကြည် (သရက်မြို့)

အသက်(၆၃)နှစ်

သရက်မြို့၊ အနောက်ရပ်(တောင်ပိုင်း)၊ ပွဲစားလမ်းနေ (ဦးစံမြ-ဒေါ်ကွယ်)တို့၏သမီး၊ ဦးမြစိမ်း-ဒေါ်လှရင်တို့၏ချွေးမ၊ အမှတ် ၄၄၁၊ သခင်ဖိုးလှကြီးလမ်း၊ (၂/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ ဦးခင်စိုး၏ဇနီး၊ ဦးလှကြိုင်- ဒေါ်ခင်ရွှေ (ကျန်းမာရေးဌာန၊ပန်းတိမ်း)၊ ဦးဟံရွှေ-ဒေါ်မာမာဌေး(ဘိလပ်မြေစက်ရုံ-၁)တို့၏အစ်မ၊ ကိုအေးရွှေ-မအေးအေးစိုး၊ ဒုအရာခံဗိုလ်အောင်ကျော်(တောင်ငူ)-မနိုင်နိုင်စိုး၊ ကိုစိုးနိုင်-မမာလာစိုး၊ မစန္ဒာစိုး၊ ကိုအောင်-မနော်တို့၏မိခင်၊ မြေး ရှစ်ယောက်တို့၏အဘွားသည် ၂၅-၁၁-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၀၃ရက်(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုဝင်းထွဋ်

အသက်(၃၈)နှစ်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ် ၁၂၀ နေ ဦးခိုင်ဝင်း (ရွှေစောင်းတော်နာရီဆိုင်) - (ဒေါ်တင်မေ)တို့၏သားကြီး၊ ဦးသောင်းစိန်-ဒေါ်တင်ရီတို့၏သားသမက်၊ ကိုမျိုးမြင့်-မဝေဝေခိုင်၏မောင်၊ ကိုဝင်းစိုးခိုင်-မမိုးမြင့်မေ၊ ကိုညွန့်ခိုင်-မခိုင်ရွှေဝါ၊ ကိုမျိုးသန့်ဦး-မမေဝါခိုင်၊ မောင်နေလင်းခိုင်တို့၏အစ်ကို၊ မစိန်စိန်ညို၏ခင်ပွန်း၊ မောင်ရဲနောင်ထွဋ်၊မောင်သော်ဇင်ထွဋ်၊မလဝန်းပြည့်(အထက-၁၊ ရန်ကင်း)တို့၏ဖခင်သည် ၂၆-၁၁-၂၀၀၃ရက် နံနက် ၁:၃၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၂၈-၁၁-၂၀၀၃ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျောက်မဲခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်စိန်၏သား မောင်ရန်နိုင်ထူး ၁၃/ကလတ(နိုင်)၀၃၂၂၅၃ သည် ဖခင်၏ဆိုဆုံးမမှုအား လုံးဝနာခံမှုမရှိခြင်း၊ ဖခင်၏ ဂုဏ်သိက္ခာထိခိုက်စေမည့် လုပ်ရပ်များ အကြိမ်ကြိမ် လုပ်ဆောင်ခြင်းတို့ကြောင့် အမွေစားအမွေခံ သားအဖြစ်မှ လုံးဝစွန့်လွှတ်ပါကြောင်းနှင့် နောင်တွင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရဲမှူးမောင်စိန်

၅/ရဥန(နိုင်)၀၅၈၃၁၈

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်

ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင်အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်းသိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါကထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉

(၂) ကြို့မဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄

(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

သုံးဆယ်မြို့အသင်း(ရန်ကုန်)

ဦးအုန်းမောင်

(ဂုဏ်ထူးဆောင် နာယက)

အသက်(၉၅)နှစ်

သုံးဆယ်မြို့အသင်း(ရန်ကုန်)၏ ဥက္ကဋ္ဌ ဗိုလ်မှူးတင်လှ(ငြိမ်း)-(ဒေါ်စန်းစန်းထွေး)၊ ဂုဏ်ထူးဆောင်အသင်းဝင် ဦးစောရန်နိုင် (စာရင်းကိုင် ဆည်မြောင်းဌာန) - ဒေါ်ခိုင်ခိုင်အေးတို့၏ ဖခင် ဦးအုန်းမောင်(ဂုဏ်ထူးဆောင် နာယက) သည် ၂၅-၁၁-၂၀၀၃ရက် ည ၁၁ နာရီတွင် မအူပင်မြို့၌ ကွယ်လွန်သွားပါ၍ ၂၇-၁၁-၂၀၀၃ရက်တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသားများ သိရှိနိုင်ပါရန်အကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့။

ဒေါ်မြ(ခ)ဒေါ်မြပန်းဦး

(ပေါက်တော၊စစ်တွေ)

အသက်(၉၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ် ၁ လမ်း၊ အမှတ် ၃၃ နေ (ဦးမောင်မောင်-ဒေါ်ပျော့မ)တို့၏သမီး၊ (ဦးဖြူသီး)၏ ဇနီး၊ ဦးကျော်အောင်-ဒေါ်တင်တင်ဦး၊ ဦးမောင်မောင်အေး - ဒေါ်သန်းနုတို့၏ မိခင်၊ ဒေါက်တာသန္တာကျော် (ရွှေကျင်ဆေးရုံ)၊ဦးမောင်မောင်ကျော်-ဒေါက်တာသူဇာသင်း(ရန်ကုန်ဆေးရုံကြီး)၊ ဦးဝင်းကျော်မိုး(M.A.I) - ဒေါ်မီမီကျော် (M.C.B)၊ ဦးအေးလွင်ဦး၊ ဒေါ်ရီရီစိုး (M.C.B)၊ ဒေါက်တာကျော်မြင့်(စနဲ၊ ကျောက်ဖြူ)-ဒေါ်မီမီထွန်း(ကွန်ပျူတာတက္ကသိုလ်)တို့၏ အဘောင်ရှင်၊ မြစ်လေးယောက်တို့၏အဖီးသည် ၂၆-၁၁-၂၀၀၃ရက် နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၀၃ရက်(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်ဆာရာဘီဘီဘရားဘိုင်

အသက်(၈၁)နှစ်

(ဟာဂျီ မိုဟာမက်အာမက်ဂွန်ဒါး)၏ဇနီး၊ ဟာဂျီမ ဟာဝါဘီဘီကီးကီးဘိုင် (ခေတ္တ-USA)၊ အာမက်မိုဟာမက်ဂွန်ဒါး(ခေတ္တ-Pakistan)၊ ရန်ကုန်မြို့၊ ကျောက်မြောင်း၊ အမှတ် ၂၉၈၊ ဗညားဒလလမ်းနေ ဟာဂျီအစ္စပိုင်(ခ)ဦးထွန်းအောင်(ယခင် ဝိဇ္ဇာ စက်မှုလက်မှု)-မိုင်မွန်နာဂွန်ဒါး(ခ)ဒေါ်ဒေါ်လီဌေးတို့၏ မိခင်၊ ကိုအုန်းမြင့်၊ကိုဝင်းမြင့်၊ ကိုမျိုးမြင့်၊ ကိုတင်မြင့်၊ မသီတာထွန်းတို့၏အဘွားသည် ၂၅-၁၁-၂၀၀၃ရက် နံနက် ၂:၄၅ နာရီတွင်အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၎င်းနေ့ဇဟိုရ်နာမာဇ်အပြီးတွင် ရေဝေးကဘာရ်စ္စတန်တွင် ဒါဖနာပြုလုပ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးမြင့်ဦး

အသက်(၄၀)

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ အာဇာနည်လမ်း၊ အမှတ် ၂၆ နေ (ဦးစန်းအောင်)-ဒေါ်သန်းရီတို့၏သား၊ ဦးဝင်းကြည်-ဒေါ်ရွှေမာတို့၏သားသမက်၊ ဒေါ်လှလှဝင်း၏ခင်ပွန်း၊ မောင်ကျော်စွာဝင်း၏ ဖခင် သည် ၂၅-၁၁-၂၀၀၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၀၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဦးအောင်မျိုး

ဦးစီးမှူး

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန

စစ်ကိုင်းတိုင်းရုံး

၄-၁၁-၂၀၀၃ရက်တွင် ကွယ်လွန်သွားသော ဦးအောင်မျိုး နာမကျန်းဖြစ်စဉ်မှစ၍ ဈာပန အခမ်းအနားအထိ အဘက်ဘက်မှ လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီခဲ့ကြသော ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(စစ်ကိုင်းတိုင်းရုံး)မှ တိုင်းမှူး၊ ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ စစ်ကိုင်းခရိုင်ရုံးမှ ခရိုင်မှူးနှင့် ဝန်ထမ်းများ၊ မုံရွာခရိုင်မှူးနှင့် ဝန်ထမ်းများ၊ စစ်ကိုင်းတိုင်း တရားရုံး၊ မုံရွာခရိုင်တရားရုံး၊ မုံရွာမြို့နယ် တရားရုံးတို့မှ တရားသူကြီးများနှင့် ဝန်ထမ်းများအားလုံး၊ ပညာရေးမိသားစုနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

သရာမူနော်ဝင်းဖြူ

အသက်(၉၅)နှစ်

အမှတ် ၂၉၄၊ ၁ လမ်းမြောက်၊အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (Rev-ဒေါက်တာချစ်မောင်)၏ ဇနီး၊ Dr.အယ်ဝါ၊ ဦးစောခရစ်စတိုဖာမောင် (ငြိမ်း၊ ရန်ကုန်စက်မှုတက္ကသိုလ်)၊ဦးစောအယ်ဒါး(ညွှန်မှူး၊ သစ်တောဦးစီးဌာန)-ဒေါ်ဂျင်နီဖာစိုးမောင် (ပါမောက္ခ၊ သတ္တဗေဒဌာန၊ မအူပင်တက္ကသိုလ်)တို့၏ မိခင်၊ အဲနာဘားဘရာမောင်-စောရီးရှိ၊ အက်စထရစ်အဲလ်နာမောင်-စောဂျိမ်းရွှေဘ၊ Dr. အားဒက်ဒိုင်နာ-James Thawngh Mung၊ Dr. အယ်ဒမ်စီမောင်-နော်တန် စီဂွန်ကဒိုး၊ စောဟာရီဖိုးကြိုင်-နော်နီရင်း၊ နော်စီပိုးရာဝင်းယဉ်သိန်း-Paul Sang Lyan၊ နော်မေဝင်း-ရဲထွန်းလင်း၊နော်မေလင်း၊စောနင်းမရော့တို့၏အဘွား၊ Firts၊ Joanna Michiko၊ Amos၊ Apollos Dai Ariel၊ Zachary၊ Zebulum တို့၏ ဘွားဘွားကြီးသည် ၂၅-၁၁-၂၀၀၃ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၇-၁၁-၂၀၀၃ရက်(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် အင်းစိန် ကျမ်းစာသင်ကျောင်းကုန်းရှိ ဖူးသာဖြူအောက်မေ့ဖွယ်ခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်လှ (ကျုံပျော်)

အသက်(၇၈)နှစ်

ကျုံပျော်မြို့ (ဦးမောင်သော်-ဒေါ်ငွေကျင်)တို့၏သမီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၂)ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်းနေ ဦးစိန်ဝင်း-ဒေါ်ဌေးဌေးရီ၊ ဦးတင်မောင်ဝင်း-ဒေါ်မြင့်မြင့်စိန်(ဥသျှစ်ပင်မြို့)၊ ဦးစိုးရီကြိုင်-ဒေါ်ခင်အေးမူ (သာပေါင်း၊ ပုသိမ်အနောက်ပိုင်း)၊ ဦးအောင်နိုင်ထူး-ဒေါ်ခင်အေးကြူ(ပုသိမ်အရှေ့ပိုင်း၊ ကံကြီးဒေါင့်မြို့)၊ ဒေါ်ခင်သိန်းဦး(သတ္တုတွင်းဝန်ကြီးဌာန)၊ မောင်မောင်လွင်-မတင်ဝင်း၊မောင်မောင်ယဉ်-မဆန်းဆန်း၊ မောင်ဝင်းနိုင်(ဥသျှစ်ပင်မြို့)တို့ မိခင်၊ မြေး ၂၅ ယောက်တို့၏အဘွားသည် ၂၆-၁၁-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂၈-၁၁-၂၀၀၃ရက်(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၂)ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်း၊ အိမ်အမှတ် ၁၀၆၂ နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းရီ

(ဆင်ဖြူကျွန်း၊ မဟုံအေး)

အသက်(၇၆)နှစ်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ (c/က)ရပ်ကွက်၊စံချိန်သစ်လမ်း၊အမှတ် ၂၆၄ နေ (ဦးခက်၊ ဆင်ဖြူကျွန်း)၏ သမီး၊ (ဦးလှမောင်)၏ဇနီး၊ ကိုလွင်သိုက်-မသန်းသန်းနုတို့၏မိခင်၊ မလဲ့လဲ့မျိုး၊ မအိအိအောင်၊ မဝါဝါလှိုင်တို့၏ အဘွားသည် ၂၅-၁၁-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၀၃ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်သည်(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးအောင်မြင့်စိုး(ခ)

ဦးအောင်မြင့်

(ညောင်တုန်း၊ဖျာပုံ)

[အခွန်ဦးစီးမှူး]

ပြည်တွင်းအခွန်များဦးစီးဌာန

(တောင်တွင်းကြီးမြို့)

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းပါဠိတက္ကသိုလ်၊ ညောင်တုန်းကျောင်းတိုက် ကျောင်းဒါယကာကြီး(ဦးဘိုးသိန်း-ဒေါ်အို)တို့၏မြေး၊ အမှတ် ၃၂၊ သုံးလွှာ၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်နေ (ဒေါ်စိန်ပုံ)၏ သားကြီး၊ (ဦးကျော်မြင့်၊ အငြိမ်းစားကျောင်းဆရာ၊ ကျိုင်းတုံ)-ဒေါ်မြင့်မြင့်စိန်(ဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေး၊ ငြိမ်း)တို့၏ အစ်ကိုကြီး၊ မောင်ဇော်ကျော်ကျော်(SR Deck Cadet)၊ မအိကျော်ကျော် (German Speaking Tour Guide)တို့၏ဘကြီးသည် ၂၆-၁၁-၂၀၀၃ရက် နံနက် ၃:၅၀ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၀၃ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စော(ခ)တန်တွဲဟိုင်

အသက်(၁၀၀)

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ် ၆၆၊ ခိုင်ရွှေဝါလမ်း(ဗဟိုလမ်း)နေ [ဦးထုံ(ခ)ချင်ခိထုန်]၏ဇနီး၊ ဦးထွန်းမြင့်-ဒေါ်ခင်၊ ဦးရွှေဝါ-ဒေါ်ခင်ရီ (ခေတ္တ-USA)၊ ဦးခင်ဝင်း-(ဒေါ်သင်းသင်းဆွေ)၊ (ဦးကျောက်ကျန်ဝါ)-ဒေါ်တင်မြ၊ ဦးကျော်မြင့်-ဒေါ်ကျင်ပွင့်တို့၏မိခင်၊ မြေး ၂၂ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၆-၁၁-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၂၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၀၃ရက်(သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးကောင်းတုံတရုတ်သုသာန်သို့ ပို့ဆောင်မြေမြှုပ်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဘိုးသွယ် (ဘုတ်ပြင်း)

ဆက်သွယ်ရေး(အငြိမ်းစား)

အသက်(၉၁)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ် ၂၇ နေ(ဦးမြသွင်)-ဒေါ်ရှင်တီတို့၏ဖခင်၊ဒေါ်ကြည်ကြည်ဌေး၊ ဦးထွန်းကျော် (မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း)-မမြသွယ်၊ မောင်မြတ်ထွန်း(ဘုတ်ပြင်း)၊ မချိုချိုအေး(ဘုတ်ပြင်း)၊ မောင်ထွန်းဦး(တောင်ကြီး)၊ မောင်ဇော်ထွေး၊မောင်အောင်စိုးမိုး၊မောင်ကျော်ဇောအောင်(AWB Bank)-မသီသီအောင်၊ မောင်ဟိန်းထက် (မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-မဝင်းဝင်းလတ်၊မနွေးနွေးလတ်၊မအေးမြတ်မွန်၊ မောင်ဇင်အောင်ကိုတို့၏ အဘိုးသည် ၂၅-၁၁-၂၀၀၃ရက် နံနက် ၈:၀၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုအောင်ကြီး (ပဲခူး)

အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ စိတ်ကျန်းမာရေးဆေးရုံဝင်း၊ ဆရာမများအိမ်ရာနေ ဦးမြင့်ဝေ-(ဒေါ်မြမေ)တို့၏ သားကြီး၊ ပဲခူးမြို့၊ ရပ်ကွက်ကြီး(၁)၊ ၅/၄ လမ်း၊ ဥဿာမြို့သစ်နေ (ဦးအုံးလှိုင်)-ဒေါ်ရီတို့၏ သားသမက်၊ မသန်းသန်းမြင့်၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ကိုသိန်းတန်-မလှဝင်း၊ ကိုဘိုဘို(MPRL)-မကြည်ကြည်ဝင်း၊ ကိုသန်းနိုင်(ကားပစ္စည်းရောင်းဝယ်ရေး၊ ဘုရင့်နောင်)-မခင်ခင်လှိုင်၊ စောဇက်လက်မှူး(M.O.G.E) - မသီဂီမြင့်ဝေ (S/N စိတ်ကျန်းမာရေး ဆေးရုံ)၊ ကိုအောင်ကိုကို-မညီညီမြင့်၊ကိုကိုကြီး-မရွှေရည်၊ ကိုရဲထွေး-မအေးမင်းဌေး၊ ကလျာမြင့်ဝေတို့၏အစ်ကိုကြီး၊ချမ်းမြေ့အောင်၊ ဝေမိုးလှိုင်၊ ဖြိုးဝေလှိုင်၊ ငြိမ်းချမ်းသူ၊ စုမြတ်ရတနာအောင်တို့၏ ဖခင်၊ တူ တူမ ၁၉ ယောက်တို့၏ဘကြီးသည် ၂၄-၁၁-၂၀၀၃ရက်တွင် ပဲခူးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၁-၂၀၀၃ရက်တွင် ပဲခူးမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

မောင်ကျော်စွာလင်း(ခ)

စိန်လင်းမောင်

I.T.C (ဆင်တဲ) 19/99

အသက်(၂၁)နှစ်

ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ပဒန်ရေကျော်ရွာနေ (ဆရာကြီး ဦးသာပို)-ဒေါ်စိန်မေတို့၏မြေး၊ ကိုအောင်ချစ်-(မစုစုဆိုင်)၊ ကိုမိုးကျော်သူ၊ မမြမိုးအေး ကမာရွတ်မြို့နယ်၊စံရိပ်ငြိမ်(၁)ရပ်ကွက်၊ ရတနာမြိုင်အိမ်ရာ၊ တိုက် ၂၊ အခန်း ၄၀၃ နေ ကိုအောင်ကျော်ဝင်း-မသော်တာဆိုင်၊ ကိုဝေလင်းဖြိုးတို့၏ညီ/မောင်၊ မခင်စိုးငြိမ်း၏အစ်ကို၊ တူ တူမ ခုနစ်ယောက်တို့၏ဦးလေး၊ ပဒန်ရေကျော်ရွာနေ ဦးသာဆိုင်-ဒေါ်သောင်းသောင်းတို့၏သားသည် ၂၄-၁၁-၂၀၀၃ရက် (တနင်္လာနေ့)ည ၁၁ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၀၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ပဒန်ရေကျော်ရွာနေအိမ်မှ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကမာရွတ်နေအိမ်မှကား နံနက် ၉နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

တောင်တန်းသာသနာပြု

ဘဒ္ဒန္တ ပညောဘာသ(ခ)ဦးအောင်ပရမသိဒ္ဓိ

သက်တော်(၁၀၃)နှစ်၊ သိက္ခာတော်(၄၅)ဝါ

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ပန်းပင်ကုန်း၊ သီလဝိသုဒ္ဓိတောရကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပညောဘာသ(ခ)ဦးအောင်ပရမသိဒ္ဓိသည် ၁၃၆၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃:၁၅ နာရီတွင် ခန္ဓာဝန်ချတော်မူသွားပါ၍ ကြွင်းကျန်သောဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် နတ်တော်လဆန်း ၄ ရက်(၂၇-၁၁-၂၀၀၃ရက်) ကြာသပတေးနေ့တွင် နိဗ္ဗာန်စံကျောင်းတော်သို့ အပူဇော်ခံထားမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာအပေါင်းတို့အား အကြောင်းကြားဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သောတပည့်ဒါယကာများ

သီလဝိသုဒ္ဓိတောရကမ္မဋ္ဌာန်းကျောင်းတိုက်

အမှတ်(၅)ရပ်ကွက်၊ပန်းပင်ကုန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးမာဏိတ(ခ)

ဦးမြင့်ကြည်

သက်တော်(၆၃)နှစ်၊ သိက္ခာတော်(၃)ဝါ

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ပိလခတ်ကျေးရွာနေ (ဦးလွန်းမောင်)-ဒေါ်မြရင်၏သား၊ (ဦးသန်းမြ)-ဒေါ်အေးသန်း(အမှတ်-၂၁၂၊ လော်ကားလမ်းမကြီး၊ တောင်ဒဂုံ၊ မြဘုရင်စက်နို့ဆီ)၏အစ်ကို၊ ဒေါ်ဝင်းကြည်၏ခင်ပွန်း၊ ဦးအေးဝင်း-ဒေါ်ကြည်ကြည်ပြုံး၊ ဦးခင်မောင်လတ်-ဒေါ်စီစီစိန်တို့၏ ဖခင်၊ မြေး ငါးယောက်တို့၏အဘိုးသည် ၂၅-၁၁-၂၀၀၃ရက် (အင်္ဂါနေ့) ည ၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့်ကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၂၇-၁၁-၂၀၀၃ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ကြည်ညွန့် (မြိတ်)

အသက်(၈၂)နှစ်

မြိတ်မြို့၊ ဈေးတန်းရပ်၊ လှည်းထိန်စုလမ်း၊ အမှတ် ၈၈ နေ (ဦးသိန်းအောင်-ဒေါ်ထားမေ)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရွှေလောင်းလမ်း၊ အမှတ် ၂၃ နေ (ဦးကျော်သိန်း)၏ဇနီး၊ ဦးမောင်မောင်တိတ်-ဒေါ်ခင်အေးမြင့်၊ ဦးမျိုးသန့်-ဒေါ်ခင်ခင်အေး၊ (ဦးသန်းဌေး)-ဒေါ်ခင်အေးလွင်၊ ဒေါ်ရီရီဌေး၊ ဦးအောင်သန်း-ဒေါ်အင်မူ၊ဦးမျိုးအောင်-ဒေါ်မြင့်ပို၊ ဦးသန်းဝင်း-ဒေါ်နီလာအေး၊ ဦးမျိုးညွန့်-ဒေါ်ဥမ္မာမြင့်တို့၏မိခင်၊မြေး ၁၇ ယောက်၊ မြစ် သုံးယောက်တို့၏ အဘွားသည်၂၆-၁၁-၂၀၀၃ရက် မွန်းလွဲ ၁၂:၄၅ နာရီတွင်အာရှတော်ဝင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၀၃ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလှိုင်ဝင်း

(ကြီးကြပ်ရေးမှူး၊ငြိမ်း၊ အမှတ်-၁၊ သစ်စက်)

အသက်(၆၆)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၃)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ် ၁၁၅ နေ (ဦးကျော်သိန်း-ဒေါ်သန်း)တို့၏သား၊ (ဦးသိန်းမောင်-ဒေါ်ကျင်ရွှေ)တို့၏သားသမက်၊ ဒေါ်လှစော၏ခင်ပွန်း၊ ဦးမြင့်လွင်(MITS)-ဒေါ်အေးအေးခင်တို့၏အစ်ကို၊ ဦးဌေးလွင်[အငယ်တန်းလက်ထောက်မန်နေဂျာ၊ (၁၀၃)သစ်စက်၊ အမရပူရ]-ဒေါ်အေးအေးသန်း၊ ဦးကျော်ကျော်လွင်(Pansea Hotel)-ဒေါ်မိုးချယ်ရီ၊ ဦးတင်အောင်မိုး-ဒေါ်နှင်းအေးခိုင်၊ ဦးဇော်မျိုးထိုက်(သင်္ဘောတင်၊ သစ်လုပ်ငန်း)-ဒေါ်အေးသန္တာလွင်(ပရိဘောဂစက်ရုံ-၃)၊ ကိုမျိုးဇော်လွင်တို့၏ဖခင်၊ဦးသိန်းလွင်-ဒေါ်မိမိလှိုင်၊ မဖြူဖြူလွင်(MITS)၊မသူဇာလွင်တို့၏ဘဘ၊ မောင်အောင်ဘုန်းထက်၊ မောင်အောင်ဘုန်းဆက်၊ မောင်ပြည့်ဖြိုးပိုင်၊ မစုနန္ဒာ၊ သားငယ်လေးတို့၏အဘိုးသည် ၂၅-၁၁-၂၀၀၃ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၀၃ရက်ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁:၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး

ဒေါ်တင်ညွန့်

အသက်(၇၈)နှစ်

ဓနုဖြူမြို့၊ စံကင်းရွာ(ဦးချမ်းသာ-ဒေါ်မြ)တို့၏သမီး၊(ဦးညို-ဒေါ်ချစ်မယ်)တို့၏သမီးချွေးမ၊ တိုက် ၁၊ အခန်း ၁၉ (ပထမထပ်)၊ မြို့ပြအိမ်ရာစီမံကိန်း၊ လှည်းတန်း၊ ကမာရွတ်၊ အင်းစိန်လမ်းမနေ ဦးတင်အေး၏ဇနီး၊ (ဦးဘိုကေ-ဒေါ်သောင်း)တို့၏ညီမ၊ (ဦးလှဟန်)-ဒေါ်သန်း၊ (ဦးသိန်းဖေ-ဒေါ်မြကြင်)၊ (ဦးထွန်းရှိန်-ဒေါ်လှရီ)၊ ဦးထွန်းရှိန်-(ဒေါ်ရီ)တို့၏အစ်မ၊ ဦးညွန့်ဝင်း-ဒေါ်သန်းရင်၊ ဦးသက်တင်-ဒေါ်မင်းမင်းမော်၊ ဒေါ်ဖြူဖြူဖွေး၊ ဦးမိုးကျော်(လက်ထောက် ညွှန်ကြားရေးမှူး၊ နယ်စပ်စည်ပင်၊ ကျိုင်းတုံ)-ဒေါ်မြတ်ပိုပိုဌေး၊ ကိုကျော်ကျော်စိုး-ဒေါ်ကေသီမြင့်၊ မခင်ချိုမြင့်(ခ)ဇူလူးတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၂၄-၁၁-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၀၃ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျင်ဟင်း (ရှာကျင်ဟင်း)

(ညောင်လေးပင်မြို့)

အသက်(၇၀)

ညောင်လေးပင်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ဈေးအရှေ့လမ်းနေ (ဦးစံမင်း-ဒေါ်ကွာရာ)တို့၏သားကြီး၊ ဟဲဟိုးမြို့နေ (ဦးတွာတူ)-ဒေါ်ချုလန်းတို့၏ သားသမက်၊ ညောင်လေးပင်မြို့နေ (ဦးဖိုးကော်)-ဒေါ်မြစန်း၊ ဦးဗူးဟန်-ဒေါ်ကျင်မွှေး၊ (ဒေါ်ကျင်လျှန်း)၊ (ဒေါ်ကျင်ဟွား)၊ ဦးမြင့်သန်း-ဒေါ်ကျင်ကြူး (ခေတ္တ-U.S.A)၊ ဦးမျိုးလွင်-ဒေါ်ကျင်ကြုတ် (ခေတ္တ- U.S.A)၊ ဒေါ်စိန်စိန်ရီ(ခေတ္တ-U.S.A)၊ ဒေါ်လွင်လွင် (ခေတ္တ-U.S.A)၊ ဦးသိန်းပြည်-ဒေါ်မော်မော် (ခေတ္တ-U.S.A)တို့၏ အစ်ကိုကြီး၊ ညောင်လေးပင်မြို့၊ ဈေးအရှေ့လမ်းနေ ဒေါ်သန်းရင်၏ခင်ပွန်း၊ ဦးဝင်းနိုင်-ဒေါ်သန်းသန်းအေး၊ ဦးသိန်းဝင်း-ဒေါ်တင်ဇာခိုင်၊ မောင်ဘုန်းကျော်၊ မနန်းအေး၊ မောင်စန်းထိုက်တို့၏ဖခင်၊ မြေး ငါးယောက်တို့၏အဘိုးသည် ၂၅-၁၁-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂၇-၁၁-၂၀၀၃ရက် မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ညောင်လေးပင် တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးညီညီအေး

B.E (Chemical)

ကြည်း-၁၄၇၃၀ (OTS-54)

အသက်(၅၄)နှစ်

တောင်ကြီးမြို့နေ ကွယ်လွန်သူ ဦးအေးမောင်-ဒေါ်အုန်းခင်တို့၏ သား၊ လှိုင်လင်မြို့နေ (ဦးစံထူး)-ဒေါ်တင်တို့၏သားသမက်၊ကပစ(၄)၊အိမ်ထောင်သည်လိုင်းနေ ဒေါ်တင်တင်ထူး၏ခင်ပွန်း၊ တောင်ကြီးမြို့နေ ဦးသန်းမောင် (ကျောင်းအုပ်ကြီး၊ ငြိမ်း)-ဒေါ်မြသန်း၊ ရန်ကုန်မြို့နေ ဦးသန်းအောင် (လ/ထ အင်ဂျင်နီယာ၊ ငြိမ်း)-ဒေါ်သက်သက်၊ ကူမဲမြို့နေ ဦးပီတာ(တိရစ္ဆာန်ဆေးကု)-ဒေါ်မိုးရင်၊ အေးသာယာမြို့နေ ကိုမိုးခိုင်တို့၏ညီ၊ မောင်ကျော်စွာအေး၊ မကြာညီအေး၊ မောင်ပြည့်ဖြိုးအေးတို့၏ဖခင်သည် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ၂၅-၁၁-၂၀၀၃ရက် နံနက် ၁၁:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီး အအေးတိုက်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ၂၇-၁၁-၂၀၀၃ရက် မွန်းတည့် ၁၂ နာရီတွင် သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ချင်းပြည်နယ် ကျိုခါးမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ မြို့နယ်ခွဲမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား နိုဝင်ဘာ ၂၄ ရက်က တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားလူမျိုးများအားလုံးမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရမည် ပြည်နယ်၊ တိုင်း၊ ဒေသအားလုံးဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်အောင်စီမံကြိုးပမ်း လက်ဖက်ပြည်နယ်ဖြစ်ရေးနှင့် နွားနောက်မွေးမြူရေး တစ်ပိုင်တစ်နိုင်မှစီးပွားဖြစ်သို့ကူးပြောင်း

ရန်ကုန် နိုဝင်ဘာ ၂၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ စစ်ကိုင်းတိုင်း ကလေးမြို့သို့ နံနက် ၁၀ နာရီတွင် ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ချင်းပြည်နယ် ကျိုခါးမြို့ အခြေခံပညာအထက်တန်းကျောင်း စာသင်ဆောင်များကို နိုဝင်ဘာ ၂၄ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော် နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ထုတ်စောင်ရေ – ၂၀၁၇၈၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်

ရန်ကုန် နိုဝင်ဘာ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura ခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura ခေါင်းဆောင်သည့် အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊

စာမျက်နှာ ၆ ကော်လံ ၅ ▼

အောင်မြင်မှုရနေသော မြန်မာ့ခွဲစိတ်ကုသမှုဆေးပညာသမိုင်းတွင် သမိုင်းတွင်နေဦးမည့် ဘောဘိရုရိဝင်းတို့ရှင်ချင်းဆက်အမြွှာညီအစ်မ

သတင်းဆောင်းပါး - မောင်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်းတင် - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံ၏ ဆေးပညာဆိုင်ရာအရည်အသွေးမှာ တစ်နေ့တခြား တိုးပွားဖြစ်ထွန်းနေသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်နေရပြီဖြစ်သည်။ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါများနှင့်ပတ်သက်၍ ယခင်က တိုင်းတစ်ပါးသို့သွားရောက်ခွဲစိတ်ကုသရသည့်ရောဂါများပင် ယခုအခါပြည်တွင်း၌ပင် ခေတ်မီစက်ကိရိယာများ၊ နိုင်ငံတကာအဆင့်မီခွဲစိတ်ကုသမှုနည်းပညာများအသုံးပြုကာ အောင်မြင်စွာခွဲစိတ်ကုသနိုင်ပြီဖြစ်သည်။*စာမျက်နှာ ၁၂ ကော်လံ ၁* ●

မြန်မာဝတ္ထုရှည် နှစ်တစ်ရာပြပွဲဆက်

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ၁၃၆၅ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသော မြန်မာဝတ္ထုရှည် နှစ်တစ်ရာပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို ရန်ကုန်မြို့ အမှတ်(၃၇၉/၃၈၃)ဗိုလ်အောင်ကျော်လမ်း (ယခင် ရန်ကုန်ဂေဇက် အဆောက်အအုံ)၌ ဆက်လက်ပြသလျက်ရှိသည်။ (သတင်းစဉ်)